ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (22-8-2004) (၄၃၃၃)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရေစက်သွန်းချအမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် ဧည့်ပရိသတ်များ သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲကျင်းပ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဆရာတော်များအား
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ပါဠိမြန်မာအဘိဓာန်ကျမ်းအတွဲ(၁) ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း တက်ရောက်၍ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း အတွဲ(၁)ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❀

ကြေးမုံ
The Mirror
ဆောင်းပါး
အညွှန်း

SR ၄၅၆ သက်လတ်မျိုးကောင်းမျိုးသစ် တစ်မျိုးကို စမ်းသပ်စိုက်ပျိုးပြီး ဆက်လက်မျိုးပွားကာ ရွှေရင်အေးစပါးဟူသော အမည်သစ်ဖြင့် နွေစပါး စိုက်ပျိုးလျက် ရိတ်သိမ်းခြွေလှေ့ခြင်းတွယ်ပွဲများ အနယ်နယ်၌ ကျင်းပပေးခဲ့ရာ အနည်းဆုံး တစ်ဧက တင်းတစ်ရာငါးဆယ်အထက် ထွက်ရှိကြောင်း ဒေသခံတောင်သူများကိုယ်တိုင် မျက်တွေ့လက်တွေ့ မြင်တွေ့သိရှိနေကြလေပြီ။

ရတနာစည်ဆရာတော်
(လှိုင်လင်)၏
"ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး(၂)"
ဆောင်းပါး–စာမျက်နှာ(၃)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၈-၂၀၀၄
(တနင်္ဂနွေနေ့)

ငြိမ်းချမ်းသာယာမှုများ တန်ဖိုးထားထိန်းသိမ်း နယ်စပ်ဒေသများဖွံ့ဖြိုးရေး လက်ချင်းယှက်ဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း အေးအတူပူအမျှ ဉမကွဲသိုက်မပျက်နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် သမိုင်းအစဉ်အလာသည် ယနေ့တိုင် ခိုင်မာမြဲမြံလျက်ရှိသည်။

ဤအစဉ်အလာကောင်းများဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲနေစေရန် ကာကွယ်စောင့်ရှောက် ကြရမည့် တာဝန်သည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသား လူမျိုးများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးအလေးထားဆောင်ရွက်လျက်ရှိသည်။တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံတော် တည်ဆောက်ကာကွယ်ရေး တာဝန်များတွင် ပါဝင်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်ရရှိစေရေး ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး ဦးတည်ကြိုးပမ်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်မှစတင်၍ ဆောင်ရွက်လာခဲ့ရာ ဒေသတွင်းလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများ ပေါင်းစပ်၍ တက်ညီလက်ညီ အကောင်အထည်ဖော်လျက်ရှိရာ ၁၅နှစ်တာကာလအတွင်း နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေ ဒေါ်လာ သန်း ၅၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

ယခင်ခေတ်ကာလများက နယ်စပ်၌ကျေးရွာအဆင့်မျှသာရှိခဲ့သည့် ဒေသများသည် ယခုအခါတွင် ခေတ်မီမြို့ကြီး ပြကြီးများ၊ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးစခန်းများဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။

ယင်းကဲ့သို့ နယ်စပ်ဒေသများ၏ စီးပွားရေး၊ လူမှုရေးများဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုများနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်စွမ်းဆောင်နိုင်မှုများကြောင့်ဖြစ်သည်။

နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၊ တိုင်းရင်းသားအချင်းချင်း ပေါင်းစည်းယှက်နွယ် နေထိုင်နိုင်ခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိသော ပတ်ဝန်းကျင်၌ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကို တွေ့ကြုံခံစားရရှိနေကြပြီဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် တည်ဆောက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အားသွန်ခွန်စိုက် ပါဝင်စွမ်းဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အားလုံးက နိုင်ငံတော်ငြိမ်းချမ်းသာယာခြင်း၏ အနှစ်သာရများကို ထာဝစဉ်တန်ဖိုးထားထိန်းသိမ်းကြပြီး နယ်စပ်ဒေသများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် တက်တက်ကြွကြွ လက်ချင်းယှက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပရဟိတကျောင်းဆရာတော် ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတကျောင်းဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိတ၏ (၈၅) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာပူဇော်ပွဲကိုယမန်နေ့ နံနက်ပိုင်းက ဆရာတော်ကြီး သီတင်းသုံးရာကျောင်းတိုက်အတွင်းရှိ အော်ဘွန်ဟော၊ အောဘွန်ပါ ဓမ္မဗိမာန်အဆောက်အအုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ ဝိဇာတမွေးနေ့ ပူဇော်ပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးစိန်ဌေး၊ ဒုတိယကျောင်းအုပ်ကြီး ဦးဌေးဝင်း၊ ပါမောက္ခ၊ ကထိက၊ ဆရာ၊ ဆရာမများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (လှိုင်မြို့နယ်) အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ တွဲဖက်ပါမောက္ခဦးတင်ဝက ဝိဇာတမွေးနေ့ မင်္ဂလာပူဇော်ပွဲ အခမ်းအနား အစီအစဉ်အား ဖတ်ကြားလျှောက်ထား၍ ဆရာတော်ကြီးထံတွင် ငါးပါးသီလခံယူကြသည်။ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဇေယျမင်္ဂလာဆရာတော် ဘဒ္ဒန္တ တိလောကထံမှ ရေစက်ချအနုမောဒနာတရားနာယူကြသည်။ **(အပေါ်ယာပုံ)**

(က-ပ)

မဇ္ဈိမဂုဏ်ရည်ဆရာတော်ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၁

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒအရှင်မြတ်သည် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာတွင်ဝါတွင်းဥပုသ်နေ့တိုင်းညနေ ၄နာရီ၌လည်းကောင်း၊ ဩဂုတ် ၂၃ရက် မွန်းလွဲ ၁နာရီတွင် သာကေတမြို့နယ် (၆)အရှေ့ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံဓမ္မသဘင်၌လည်းကောင်း၊ ဩဂုတ် ၃၀ရက် မွန်းလွဲ ၂နာရီတွင် သာကေတမြို့နယ် ၃/မာန်ပြေ ၁၈လမ်း ဓမ္မရက္ခိတဘုံဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း၊ စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၂နာရီတွင် သမိုင်း ဒက္ခိဏာရုံကျောင်း ဓမ္မသဘင်၌ လည်းကောင်း၊ စက်တင်ဘာ ၂၉ရက် မွန်းလွဲ၂နာရီတွင် မြောက်ဒဂုံ စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကြည့်ရှုအားပေး

၂၀၀၄ခုနှစ်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဆင့် စံပြရဲရေးဖြေစာမေးပွဲကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ ကြည့်ရှုအားပေးစဉ်။

(ရဲတပ်ဖွဲ့)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲ ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး စွမ်းရည်လေးရပ်မြင့်မားလာစေရန် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့တွင် စံပြုနိုင်ရန်တို့အတွက် စံပြရဲ စိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၀၄ခုနှစ်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဆင့် စံပြရဲရေးဖြေစာမေးပွဲကို ယနေ့နံက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပသည်။

၁၁၆ ဦးဖြေဆို

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ရဲတပ်ရင်းများ၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့များ၊ လေ့ကျင့်ရေးကျောင်းများမှ ရဲအုပ်အဆင့်၊ ဒုတိယရဲအုပ်အဆင့်၊ ရဲအရာခံအဆင့်၊ ရဲတပ်ကြပ်ကြီးအဆင့်၊ ရဲတပ်ကြပ်အဆင့်၊ ရဲဒုတိယတပ်ကြပ်အဆင့်နှင့် ရဲတပ်သားအဆင့်တို့မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၆ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စံပြရဲရေးဖြေစာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ သွားရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဆေးဝါးသစ် မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

နှလုံးရောဂါနှင့် ဆီးချိုရောဂါအတွက် Statin ဆေးဝါးဖြင့် ရောဂါကုသမှုအကြောင်းဆွေးနွေးပွဲနှင့်RANBAXY ကုမ္ပဏီ၏ ဆေးဝါးသစ် မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၁၅ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ အတိုင်ပင်ခံဆရာဝန် ဒေါက်တာစောနိုင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီးRANBAXY ကုမ္ပဏီ၏ ရှင်းလင်းဆွေးနွေးပွဲ၌ ကွင်းမေရီဆေးနှင့်ဆေးဘက်ဆိုင်ရာကျောင်းဆဲလ်နှင့်မော်လီကျူလာသိပ္ပံမှ ပါမောက္ခဂရေဟမ်အေဟစ်မင်းက နှလုံးသွေးကြောရောဂါကာကွယ်ရေး အကြောင်းကို ရောင်စုံဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ဆေးပညာရှင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပါမောက္ခဂရေဟမ်အေဟစ်မင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး(၂)

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

လယ်ယာကဏ္ဍသည် နိုင်ငံတိုင်းအတွက် အရေးပါနေသဖြင့် ရှေးခေတ်ကတည်းကပင် ရှင်ဘုရင်များ ကိုယ်တိုင် တလေးတစားအရေးထားခဲ့ကြ၏။ လယ်ထွန်မင်္ဂလာဟူသည် ရှင်ဘုရင်ကိုယ်တိုင်က လယ်ယာတောင်သူများကို ဂုဏ်ပြုအားပေးသော နန်းတွင်းထုံးတစ်ခုဖြစ်ခဲ့၏။

မြတ်ဗုဒ္ဓ၏ ဘဝခရီးတစ်လျှောက် လယ်ယာကဏ္ဍနှင့် ဆက်စပ်နေပုံ စေ့စေ့စုံစုံလေ့လာနိုင်လျှင် အနည်းဆုံး ကျမ်းငယ်တစ်စောင်ဖြစ်လာနိုင်၏။ မြတ်ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားလေး ဖွားမြင်ပြီး တစ်လအကြာ နယုန်လထဲ၌ ခမည်းတော်သုဒ္ဓေါဓနဘုရင် လယ်ထွန်မင်္ဂလာ ဆင်ယင်စဉ် အနီးရှိဇမ္ဗူသပြေပင်ရင်းဝယ် ခင်းကျင်းစီမံကာရံထားအပ်သောနေရာတွင် သိဒ္ဓတ္ထမင်းသားကို အထိန်းတော်တို့နှင့်ထားခိုက် အထိန်းတော်တို့က ဘုရင်မင်းမြတ် လယ်ထွန်မင်္ဂလာပြုပုံကို သွားရောက်ကြည့်ရှုနေတုန်းမှာ သိဒ္ဓတ္ထမင်းသားငယ်သည် အတိတ်ကံပါရမီအဟုန်ဖြင့် ပထမဈာန်ဝင်စားနေလေရာ ဈာန်တန်ခိုးအာနုဘော်ကြောင့် နံနက်မှမွန်းတိမ်းသွားသည့် တိုင်အောင် သပြေပင်၏အရိပ်သည် ပြောင်းရွှေ့မသွားဘဲ ထီးဝန်းအုပ်မိုးသကဲ့သို့ ဖြစ်တည်နေရကား အထိန်းတော်တို့အဖို့တအံ့တသြဖြစ်ကာ ခမည်းတော်မင်းမြတ်ထံလျှောက်ကြားသော် ခမည်းတော်ကိုယ်တိုင် လာရောက်ကြည့်ရှုသောအခါ သားတော်၏ အခြင်းအရာကိုမြင်ရလျှင် ကြည်ရွှင်ညွှတ်တုပ်လက်အုပ်ချီမိုးရှိခိုးမိသည်အထိ ပီတိမိုးဖြိုင်ဖြိုင်သွန်းခဲ့ဖူး၏။

သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ် ရောက်တော်မူပြီးကာလများတစ်လျှောက်မှာလည်း မြတ်ဗုဒ္ဓသည် လယ်ယာကဏ္ဍကို အထူးအလေးထားတော်မူခဲ့သည်သာ ဖြစ်၏။ လယ်ကွင်းထဲဖြတ်ပြီး ရဟန်းများဒေသစာရီကြွကြသဖြင့် စပါးသီးနှံများ ပျက်စီးမည့်အရေးကြောင့် စပါးစိုက်ရာသီဖြစ်သော မိုးတွင်းကာလဝယ် ခရီးမထွက်ကြဘဲ ကျောင်းတွင်းအောင်း ဝါဆိုနေကြရန် ပညတ်တော်မူ၏။ ဝါတွင်းကာလအကြောင်းမဲ့ခရီးထွက်လျှင်ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

ရဟန်းများဝတ်ရုံသော သင်္ကန်းကို မဂဓတိုင်း လယ်ကွက်များပုံစံအတိုင်း ချုပ်ဝတ်စေတော်မူ၏။ သံဃာ့ဂုဏ်ကိုးပါးတွင် "အနုတ္တရောပုညက္ခေတ္တံ လောကဿ–ကုသိုလ်မျိုးတို့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သောရဟန်း"ဟု ဂုဏ်တစ်ပါးအဖြစ် ထည့်သွင်းသတ်မှတ်ပေးတော်မူ၏။ "ပုညခေတ္တ–ကောင်းမှုလယ်ယာ"ဟူသော ဝေါဟာရသစ်ကို တီထွင်ဟောထားတော်မူ၏။

ထိုမှတစ်ပါး မြတ်ဗုဒ္ဓကိုယ်တော်တိုင်က မိမိကိုယ်မိမိ တောင်သူလယ်သမား(ကဿက)ဟု ဝန်ခံ ဟောကြားထားသည့်သုတ္တန်ပါတ်ပါဠိတော်လာ ကသိ ဘာရဒွါဇသုတ္တန်ကို ဤ၌ အနှစ်ချုပ်ထုတ်ပြအပ်ပါ၏။

မြတ်ဗုဒ္ဓသည် ဒက္ခိဏာဂိရိဇနပုဒ်ဝယ် ထွန်ယက်စိုက်ပျိုးသူတို့နေထိုင်ရာ ဧကနာဠရွာ၌ သီတင်းသုံးတော်မူစဉ် သူရင်းငှားများစွာတို့ကိုဦးစီးကာ လယ်ယာထွန်ယက်စိုက်ပျိုးသော လယ်သူဌေးဟုဆိုရမည့် ကသိဘာရဒွါဇနှင့် တွေ့ဆုံသောဖြစ်စဉ်ဖြစ်၏။ ထိုနေ့နံနက်က လယ်သူဌေး ကသိဘာရဒွါဇသည် ထွန်တုံးငါးရာကို နွားများ၌တပ်လျက် လယ်စထွန်မည့် အထိမ်းအမှတ်အဖြစ် သူရင်းငှားတို့ကို နံနက်စာကျွေးမွေးနေချိန် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ထိုအရပ်သို့ ကြွရောက်တော်မူ လာစဉ် ဗုဒ္ဓဘာသာဝင်မဟုတ်သော ကသိဘာရဒွါဇက စတင်၍ "အရှင်ဘုရားတပည့်တော်ကတော့ လယ်ထွန်၊ စပါးစိုက်ပြီး ကိုယ်ထွန်၊ ကိုယ်စိုက်တာကိုပဲ စားပါတယ်၊ အရှင်ဘုရားလည်း ကိုယ်တိုင်လယ်ထွန်၊ စပါးစိုက်ပြီး စားပါဘုရား"ဟု မထောက်မညှာ လျှောက်ထားလေ၏။ ယင်းကို သုံးသပ်ကြည့်လျှင် ကသိဘာရဒွါဇသည် မြတ်ဗုဒ္ဓ ကို သာမန်အလှူခံစားသောပုဂ္ဂိုလ်များနှင့်တန်းတူသာမြင်နေခြင်း၊ အလှူခံပုဂ္ဂိုလ်များအပေါ် ကိုယ်တိုင် ထွန်ယက်စိုက်ပျိုး မစားသူများအဖြစ် အထင်သေးထားခြင်း၊ မြတ်ဗုဒ္ဓအပေါ် ကိုယ်တိုင် စားလိုလျှင် ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးဖို့ ဆရာကြီး လုပ်လိုက်ခြင်း၊မြတ်ဗုဒ္ဓဟူသော အလှူခံပုဂ္ဂိုလ်မြတ်၏ ဂုဏ်ရည်ကို တစ်စွန်းတစ်စမျှပင် မမြင်မသိသေးခြင်း၊ သူ့ကိုယ်သူမူ ကိုယ်တိုင် ထွန်ယက်စိုက်ပျိုးသူအဖြစ် မာန်ထောင်လွှားခြင်းတို့ကို သုံးသပ်တွေ့မြင်ရလေ၏။

ဤအကြောင်းအရာတို့ကို ကောင်းစွာသိမြင် တော်မူပြီးဖြစ်သော မြတ်ဗုဒ္ဓက ကသိဘာရဒွါဇအား ဤသို့ အေးချမ်းစွာ ပြန်လည်မိန့်ကြားသည်။

"ဒကာကြီး...ဒကာကြီးသာ ကိုယ်တိုင်ထွန်၊ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားသူမဟုတ်ပါ၊ မြတ်စွာဘုရားသည်လည်း ကိုယ်တိုင်ထွန်း၊ကိုယ်တိုင်စိုက်၊ကိုယ်တိုင်စားသူပဲဖြစ်ပါတယ်"

ယင်းစကားကြောင့် ကသိဘာရဒွါဇသည် အလွန်အံ့သြသွား၏။ နားမလည်ဘဲ မျက်စိလည်သွားသည်အထိ အထူးအံ့သြသွား၏။ ထို့ကြောင့်ထပ်လျှောက်၏။

"အရှင်ဘုရား... အရှင်ဘုရားဟာ မိမိကိုယ်မိမိ လယ်ထွန်ယောက်ျားလယ်သမားလို့ ဝန်ခံလိုက်တာပေါ့နော် ဘုရား (ကဿကောတိ ပဋိဇာနာသိ)။ ဒါဖြင့် ထပ်မေးပါရစေ။ ဘယ်မှာလဲထွန်တုံး၊ ဘယ်မှာလဲမျိုးစေ့"

မြတ်ဗုဒ္ဓက ကြည်လင်စွာနှင့် နက်ရှိုင်းစွာ ဤသို့ မိန့်ကြားတော်မူ၏။

"ဒကာကြီး... မြတ်စွာဘုရားရဲ့ သဒ္ဓါတရားဟာ မျိုးစေ့ပဲ။ သီလတရားဟာ မိုးရေပဲ။ ပညာတရားဟာ ထမ်းပိုးနဲ့ ထွန်တုံးပဲ။ ဟိရီတရားဟာထွန်သန်ပဲ။ စိတ်ဟာ ကြိုးပဲ။ သတိဟာ ထွန်သွားနဲ့ နှင်တံပဲ။ ဝီရိယဟာ ဝန်ဆောင် နွားပဲ။ ဒီနည်းနဲ့ မြတ်စွာဘုရားဟာ လယ်ကို ထွန်ခဲ့ပြီ၊ မျိုးစေ့ကို စိုက်ခဲ့ပြီ။ ဒီလယ်ရဲ့စပါးနှံကတော့ နိဗ္ဗာန်ဆိုတဲ့ အမြိုက်သီးတွေနဲ့ပေါ့ ဒကာကြီး"

မြတ်ဗုဒ္ဓမိန့်ကြားချက်အဆုံးဝယ် ဉာဏ်ထက်သော လယ်သူဌေးကြီး၏ စိတ်အဝန်းသို့ အလင်းတန်းတစ်ခု ဖြတ်သန်းသွားလေ၏။ သြ...တကယ်တော့ မြတ်ဗုဒ္ဓဟု ကျော်ကြားနေသော ဤအလှူခံပုဂ္ဂိုလ်သည် မိမိကဲ့သို့ လယ်သမားကြီးပါတကား၊ မိမိတို့က ပကတိမိုးရေဖြင့် ပကတိစပါးမျိုးတွေ စိုက်ပျိုးနေသလို ထိုမြတ်ဗုဒ္ဓသော်မူ သဒ္ဓါ–မျိုးစေ့၊ သီလ–မိုးရေ၊ပညာ–ထွန်တုံး၊ဟိရီ–ထွန်သန် (ထွန်တုံးနှင့်ထမ်းပိုးကို ဆက်သွယ်ထားသော သစ်သားချောင်း)၊ စိတ်–ကြိုး၊ သတိ–နှင်တံ၊ ဝီရိယ–နွားတို့ဖြင့် ထွန်ယက်စိုက်ပျိုးသူဖြစ်ခြင်းကြောင့် သာသနာတည်းဟူသော လယ်မြေမှာ နိဗ္ဗာန်တည်းဟူသော သီးနှံတွေ သန်သန်သီးသဖြင့် အမြိုက်သီး၊ အမြိုက်ဘောဇဉ်ကို ဘုဉ်းပေးနိုင်သည့် ပုဂ္ဂိုလ်မြတ်ပါတကား။

အကျဉ်းချုပ်ရလျှင် ဤတွင် ကသိဘာရဒွါဇသည် မြတ်ဗုဒ္ဓ၏ခြေတော်တို့ကို ဦးတိုက်ကာ နှစ်ခြိုက်မြတ်နိုးစွာ ဤသို့လျှောက်တင်လေ၏။ ပိဋကတ်တော်မြန်မာပြန်ကို မှီးကာရေးပါမည်။

"အရှင်ဂေါတမ – အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးထားသည်ကို ဖွင့်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်သူကို လမ်းမှန်ပြဘိသကဲ့သို့ လည်းကောင်း၊ 'မျက်စိရှိသူမြင်လိမ့်မည်'ဟု အမှောင်၌ ဆီမီးတန်ဆောင်ကို ညှိထွန်းပြဘိသကဲ့သို့လည်းကောင်း ဤအတူသာလျှင် အရှင်မြတ်သည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အရှင်ဂေါတမ တပည့်တော်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တပည့်တော်သည် အရှင်ဂေါတမအထံ၌ ရဟန်းအဖြစ်ကို ရလိုပါ၏ဘုရား"

သို့ဖြင့် ကသိဘာရဒွါဇသည် ပကတိတောင်သူဘဝမှ သာသနာ့တောင်သူဘဝသို့ တက်လှမ်းကာ ရဟန်းဘဝဝယ် နိဗ္ဗာန်စပါး၏ ချိုမြိန်သော အမြိုက်ဆွမ်းကို ဘုဉ်းပေးနိုင်သည့် ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်လေ၏။

(ခ)

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည်တောင်သူလယ်သမားများအတွက် အကျိုးရှိသကဲ့သို့ ပြည်သူများအတွက်လည်း အကျိုးရှိသဖြင့် အတ္တ၊ ပရအကျိုးမျှတသည့် လုပ်ငန်းဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၄/၆–၃–၉၄ ဧရာဝတီခရီးစဉ် လမ်းညွှန်မှာကြားချက်။

သီးနှံတစ်မျိုးစီအလိုက် မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရန် ထိထိရောက်ရောက်သုတေသနပြုဖို့လိုအပ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၈/၁၅–၁၀–၉၄ ရှမ်းပြည်နယ်နှင့် အထက်မြန်မာပြည် ခရီးစဉ် လမ်းညွှန်မှာကြားချက်။

(ဂ)

ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် ဒေသဝမ်းစာဖူလုံရေးအတွက် စိတ်စိုက်စူးနှစ် မဖြစ်မနေ ရှာဖွေစူးစမ်း ကြိုးပမ်းအားထည့်လျက်ရှိကာ ယခု ၂၀၀၄–၂၀၀၅ မှာ ရှမ်းပြည်နယ် (တောင်ပိုင်း)တစ်ခွင်လုံး ဧကပေါင်းခြောက်သိန်းကျော် စပါးစိုက်ပျိုးနိုင်ရေး အားပေးပံ့ပိုးလျက် ရှိနေ၏။

ယင်းမှ SR ၄၅၆ သက်လတ်မျိုးကောင်းမျိုးသစ်တစ်မျိုးကို စမ်းသပ်စိုက်ပျိုးပြီး ဆက်လက်မျိုးပွားကာ ရွှေရင်အေးစပါးဟူသော အမည်သစ်ဖြင့် နွေစပါးစိုက်ပျိုးလျက် ရိတ်သိမ်းခြွေလှေ့ခြင်းတွယ်ပွဲများ အနယ်နယ်၌ ကျင်းပပေးခဲ့ရာ အနည်းဆုံး တစ်ဧက တင်းတစ်ရာ့ငါးဆယ် အထက် ထွက်ရှိကြောင်း ဒေသခံတောင်သူများကိုယ်တိုင် မျက်တွေ့လက်တွေ့ မြင်တွေ့သိရှိနေကြလေပြီ။

> **ယခု ရွှေရင်အေးစပါးမျိုးသစ်မှာ စိုက်စနစ် မှန်ကန်စွာစိုက်၍ သွင်းအားစု (ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲမှု) မှန်ကန်အောင် လုံ့လစိုက်ရုံမျှဖြင့် တစ်ဧက တင်းတစ်ရာ့ ငါးဆယ်မှချထွက်ရှိသောကြောင့် ယခင်ဒေသမျိုး တစ်ဧကတင်းငါးဆယ်မျှ ထွက်ရှိရာမှ ယခုရွှေရင်အေးမျိုးသစ် တစ်ဧကတင်းတစ်ရာ့ငါးဆယ်အထက် ထွက်ရှိလာသော အနေအထားအရ တစ်ဧကပိုင်တောင်သူသည် သုံးဧကပိုင် တောင်သူအဖြစ် အလိုအလျောက် မြင့်တက်လာရကား တောင်သူများအဖို့ ရွှေရင်အေးစပါးကြောင့် ရွှေဘဝင် အေး သွားမည့် အခြေအနေ မလွဲမသွေ ရရှိလာနေလေပြီ။**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန၏ ကူညီမှုကို ရယူလျက် စိုက်ပျိုးရေးလုပ်ငန်းမှ သုတေသနပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများ၏ အင်အားကိုပါရယူကာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လူဦးရေ သိန်း ၂၀ခန့်၏ ဝမ်းစာဖူလုံရေးအတွက် ထက်မြက်စွာနှင့် သွက်လက်စွာ ဦးဆောင်မှုပေးလျက်ရှိနေသည်တွင် ယခု ရွှေရင်အေးစပါးမျိုးသစ်၏ အထွက်ကောင်းခြင်းနှင့် စားကောင်းခြင်း သတင်းရနံ့တို့သည် သင်းပျံ့လှိုင်ကြူ လှုပ်ခတ်လျက်ရှိ၏။

ယခု ရွှေရင်အေးစပါးမျိုးသစ်မှာ စိုက်စနစ် မှန်ကန်စွာစိုက်၍ သွင်းအားစု (ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲမှု) မှန်ကန်အောင် လုံ့လစိုက်ရုံမျှဖြင့် တစ်ဧက တင်းတစ်ရာ့ ငါးဆယ်မှချထွက်ရှိသောကြောင့် ယခင်ဒေသမျိုး တစ်ဧကတင်းငါးဆယ်မျှ ထွက်ရှိရာမှ ယခုရွှေရင်အေးမျိုးသစ် တစ်ဧကတင်းတစ်ရာ့ငါးဆယ်အထက် ထွက်ရှိလာသော အနေအထားအရ တစ်ဧကပိုင်တောင်သူသည် သုံးဧကပိုင် တောင်သူအဖြစ် အလိုအလျောက် မြင့်တက်လာရကား တောင်သူများအဖို့ ရွှေရင်အေးစပါးကြောင့် ရွှေဘဝင်အေး သွားမည့် အခြေအနေမလွဲမသွေရရှိလာနေလေပြီ။

ကုန်လွန်ခဲ့ပြီးသော မိုးရာသီတွင် ရွှေရင်အေးစပါးမျိုးသစ်ကို စမ်းသပ်စိုက်ပျိုးခဲ့ခြင်းနှင့် တစ်ဆက်တည်း နွေရာသီတွင် ဆက်လက်စိုက်ပျိုးခဲ့ခြင်းတို့၏ ရလဒ်ကို သက်ဆိုင်ရာတာဝန်ရှိသူတို့သာမက ဒေသခံတောင်သူများ အားလုံးပါ မျက်ဝါးထင်ထင်တွေ့မြင်နိုင်စေဖို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ဦးဆောင်လျက် ရိတ်သိမ်းခြွေလှေ့လက်တွေ့ခြင်းတွယ်ပွဲများ ကျင်းပပေးခဲ့သည်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ သလဲဦးကျေးရွာအုပ်စုဧက ၅၀စံပြစိုက်ကွင်း၌ ဇွန် ၂၇ရက်တွင် ကျင်းပခဲ့သော နွေစပါးရွှေရင်အေးမျိုးရိတ်သိမ်းပွဲမှာ နိဂုံးပွဲဖြစ်လေ၏။

ယင်းရိတ်သိမ်းပွဲသို့ ဖိတ်သော်ရှိ၊ မဖိတ်သော်ရှိ ကြားသိရုံမျှဖြင့် လာရောက်ကြည့်ရှုကြသူ ဒေသခံတောင်သူများ ကြက်ပျံမကျရှိဘိ၏။ ဤအချက်က ရွှေရင်အေးစပါးသည် တောင်သူများကို ညို့အားပြင်းပြင်းဖြင့် တင်းတင်းရင်းရင်းဆွဲငင်နိုင်ကြောင်း သက်သေဖြစ်နေလေပြီ။ တိုင်းမှူးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ ကိုယ်တိုင် ပင်စံကွက်အရောက် လူအုပ်ကြားမှ ဖြတ်သန်းရောက်ရှိလာရ၏။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ တောင်ကြီးခရိုင် ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ညောင်ရွှေမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများနှင့် စိတ်ဝင်စားကြသူပြည်သူများ တက်ကြွစွာ တက်ရောက်ကြသဖြင့် ခြေရာချင်းထပ် လူချင်းကပ်လျက် ကွက်လပ်မရှိ ပြည့်ကျပ်နေတော့ရာ ကောက်ချက်ချကြည့်လျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်သူများအဖို့ ရွှေရင်အေးစပါးကို ရွှေအသွင်ထွေးပွေ့ထားတော့မည့် အနေအထားဟု ထင်ရှားသိသာလေတော့၏။

ရွှေရင်အေး နွေစပါးစံပြကွက် ၅၀ ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပမည့် မင်္ဂလာမဏ္ဍပ်၌ တက်ရောက်သူများ လျှံထွက်နေ၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးလုပ်ငန်းပြခန်းတို့၌လည်းလေ့လာသူများ ကြိတ်ကြိတ်တိုးနေ၏။ ယခုပွဲသည် အင်းလေးဒေသရှိ ဒေသခံများ၊ တောင်သူများကို လေ့လာခြင်းမှ လုပ်ဆောင်ခြင်းသို့ အရောက်တွန်းတင်လျက်ရှိကြောင်း သုံးသပ်နိုင်လေ၏။

နံနက်ဇနာရီအခမ်းအနားစတင်သောအခါ စိုက်ပျိုးရေး သုတေသနဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါးနှင့် ပတ်သက်၍ သိသင့်ရာတို့ကို ရှင်းလင်းတင်ပြ၏။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း လိုအပ်သည်များ ထပ်ဆင့်ရှင်းလင်းတင်ပြ၏။ ရွှေရင်အေးစပါးပင်သည် အမြင့်သုံးပေခွဲခန့်မြင့်ကာ ခိုင်မာမှုရှိ၍ ယိုင်လဲခြင်းကင်းကြောင်း၊ အပင်ပွားနှုန်း ၁၀ပင်ခန့်ရှိသောကြောင့် အပင်မှ ကောက်ရိုးလှိုင်လှိုင် ရနိုင်သဖြင့် ကျွဲစာ၊နွားစာ မပူပင်ရတော့ကြောင်း၊ စပါးတစ်နှံ၌ စပါးသီး ၁၀၀မှ ၁၅၀အထိ ထွက်ရှိပြီး ဆန်စေ့ရှည်သွယ်ကာ ဆန်ရည်ဆန်သား ကြည်လင်ကြောင်း၊ ညော့်မထအုပ်စုဝင်မျိုးဖြစ်၍ စားကောင်းပြီး အာဟာရ ဓာတ်ပြည့်ဝကြောင်း၊အအေးခံစပါးမျိုးဖြစ်၍ ရှမ်းပြည်နယ် ရာသီရေမြေနှင့် အထူးကိုက်ညီကာ တင်း၁၀၀ ကျော် မလွဲမသွေထွက်ရှိကြောင်း စသည်ဖြစ်၏။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက တာဝန်ရှိသူများနှင့် တောင်သူများအား "အားတိုးဆေး ၁၀ ခွက်တိုက်ကျွေး၍" "ရဲဆေး ၈ ကြိမ်လိမ်းပေး"လေ၏။

အားတိုးဆေး(၁၀)ခွက်၊ တိုး(၁၀)တိုး

၁။ အထွက်နှုန်းတိုး
၂။ စိုက်ဧကတိုး
၃။ သီးထပ်သီးညှပ်တိုး
၄။ စိုက်နည်းမှန်တိုး
၅။ အထွက်ကောင်းမျိုးသုံးမှုတိုး
၆။ အလေအလွင့်နည်းမှုတိုး
၇။ စက်ယန္တရားသုံးမှုတိုး
၈။ စိုက်ပျိုးရေရမှုတိုး
၉။ သဘာဝမြေဩဇာသုံးမှုတိုး
၁၀။ ဝန်ထမ်းရောပြည်သူပါ အသိပညာနှင့် လုပ်ဆောင်ချက်တိုး

ဟူသော အားတိုးဆေး ၁၀ ခွက် တိုက်ကျွေးပြီး။

ရဲဆေး(၈)ခွက် ရဲ(၈)ရဲ

၁။ စိုက်ပျိုးမြေသစ်ဖော်ထုတ်ရဲ
၂။ အထွက်ကောင်းမျိုးစိုက်ရဲ

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသ၌ တိုက်ပွဲအပြင်းအထန်ဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ ခြေကုပ်စခန်းဖြစ်သည့် ဘဂ္ဂဒက်မြို့ ရှီးယိုက်အများစု နေထိုင်ရာ နယ်မြေအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ ညပိုင်းတွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားကြောင်း ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် နေထိုင်သူများက ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)သို့ ပြောကြားသည်။

ထိုအတောအတွင်း အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက တစ်ဘက်နှင့် အယ်လ်ဆာဒါအား ထောက်ခံသည့် လက်နက်ကိုင်သမားများက တစ်ဘက် ထိပ်တိုက်တွေ့နေသည့် နာဂျက်ဖ်မြို့တွင် သေနတ်ပစ်ခတ်သံများ ကြာသပတေးနေ့က ပဲ့တင်ထပ်သွားသည်။

ကမ်းလှမ်း

ရဲစခန်းတစ်ခုကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့သည်။ အဆိုပါ ရဲစခန်းသည် ဆာဒါနှင့်၎င်းအား ထောက်ခံသူများ သိမ်းပိုက်ထားသည့် အီမမ်အလီဗလီနှင့် နီးကပ်စွာ တည်ရှိခြင်းမရှိပေ။ အကယ်၍ နာဂျက်ဖ်မြို့တွင် အပစ်အခတ်ရပ်စဲလျှင် တိုက်ခိုက်မှုများကို အဆုံးသတ်မည်ဖြစ်ကြောင်း ဆာဒါက ကမ်းလှမ်းထားသည်။

အချိန်ပေးထား

သို့ရာတွင် ဆာဒါ၏ လုပ်ရပ်များမှာ တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အီရတ်အစိုးရက ပြောကြားပြီး အဆိုပါဗလီမှ နာရီအနည်းငယ်အတွင်း ထွက်ခွာသွားရန်နှင့် သို့မဟုတ်ပါက စစ်ရေးအရ အရေးယူ တုံ့ပြန်မှုနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း ဆာဒါနှင့် ၎င်း၏မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား အချိန်ပေးထားသည်။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် အမေရိကန်စစ်ဘက်ဆိုင်ရာ စစ်ဆင်မှုများဆက်လက်ပြုလုပ်နေသည့်အတွက် ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်နယ်မြေတွင် ကြာသပတေးနေ့က ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်ပွားခဲ့သည်။

ထူထပ်စွာချထား

အီရတ်အစိုးရနှင့် အမေရိကန်သံရုံးကို အခြေစိုက်တည်ရှိရာ အစောင့်အကြပ် ထူထပ်စွာချထားသည့် အဆိုပါ နယ်မြေ၌ မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ကို ရှင်းလင်းပြတ်သားစွာ မသိရသေးပေ။ အမေရိကန်တပ်ဖွဲ့ဝင် အများအပြားသည် ဆာဒါစီးတီးခရိုင် အလယ်ပိုင်းသို့ ဝင်ရောက်ခဲ့ပုံရကြောင်း ဆာဒါစီးတီး ဆင်ခြေဖုံးမှနေ၍သတင်းပေးပို့နေသည့် ဘီဘီစီ သတင်းထောက် မက်သယူး ပရိုက်စ်က ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ တွင် တိုက်ပွဲဝင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်၌သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံး ဆာဒါစီးတီးဒေသတွင် ကင်းလှည့်နေစဉ် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့တွင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဖြစ်ပွား

နေ့စဉ်တိုက်ခိုက်မှုများဖြစ်ပွားရာ ရှီးယိုက်တို့၏ ခြေကုပ်စခန်းဖြစ်သည့် ဆာဒါစီးတီးဒေသတွင်းသို့ အမေရိကန်တင့်ကားအချို့ဝင်ရောက်လာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သယ်ယူ

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်မှာ သေနတ်ကျည်ဆန်ထိမှန်ခဲ့ပြီး ၎င်းအား စစ်ဆေးရုံသို့ သယ်ယူခဲ့ရသည်။ နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်မှာ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အီရတ်သို့ အမေရိကန်ဦးဆောင်၍ ဝင်ရောက်ကျူးကျော်ခဲ့သည့်နောက်ပိုင်း တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ၇၀၇ဦးရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရေနံကုမ္ပဏီဌာနချုပ်ကို ခုခံရေးသမားများ ဝင်ရောက်တိုက်ခိုက် သိုလှောင်ရုံနှင့် ရုံးအဆောက်အအုံများကို မီးရှို့

ဘာဆာရာ ဩဂုတ် ၂၀

ခုခံတိုက်ခိုက်ရေး သမားများက အီရတ်နိုင်ငံ တောင်ပိုင်းဒေသ ဘာဆာရာမြို့ရှိ အီရတ်ရေနံကုမ္ပဏီ ဌာနချုပ်အတွင်း ဝင်ရောက်တိုက်ခိုက်ပြီး သိုလှောင်ရုံများနှင့် ရုံးအဆောက်အအုံများအား မီးတင်ရှို့ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

ယင်းဖြစ်ရပ်မှာ မတော်တဆ ဖြစ်ရပ်မဟုတ်ကြောင်း၊ မီးအကြီးအကျယ်လောင်ခြင်းဖြစ်ကြောင်း ရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ တိုက်ခိုက်ရေးသမားများက နာဂျက်ဖ်မြို့တွင် ဆက်လက် တိုက်ခိုက်နေမှု များအား ကန့်ကွက်သည့်အနေဖြင့် ရေနံအခြေခံ အဆောက်အအုံကို တိုက်ခိုက်ဖျက်ဆီးရန် ခြိမ်းခြောက်ခဲ့သည်။ အီရတ်နိုင်ငံ၏ ရေနံများအား ဘာဆာရာမြို့မှ ပြည်ပသို့ တင်ပို့နေခြင်းဖြစ်သည်။

လျော့ကျ

ယင်းတိုက်ခိုက်မှုကြောင့် မည်သို့မည်ပုံ ထိခိုက်မှု ရှိမည်နှင့်စပ်လျဉ်း၍ သဲသဲကွဲကွဲ မသိရှိရသေးပေ။ အီရတ် ရေနံပိုက်လိုင်းများနှင့် ရေနံအဆောက်အအုံဒါဇင်နှင့်ချီ၍တိုက်ခိုက်ခံရကာ ပြည်ပသို့ ရေနံတင်ပို့မှုသည် လွန်ခဲ့သည့် နှစ်လအတွင်း လျော့ကျသွားခဲ့သည်။

နာဂျက်ဖ်တွင် တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံ၏ ပြည်ပသို့ ရေနံတင်ပို့မှုများ အမေရိကန်ဒေါ်လာ သန်း၁၆၀ ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း အီရတ်ဝန်ကြီးချုပ် အာလာဝီက ပြောကြားသည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် ဖျက်ဆီး တိုက်ခိုက်မှုများကြောင့် အမေရိကန်ဒေါ်လာ ၂ဒသမ၇ ဘီလျံ ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း ရေနံဌာနဝန်ကြီးအယ်လ်ဂက်ဘန်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။ ***အင်တာနက်။***

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးအီရတ်၌သေဆုံး

လန်ဒန် ဩဂုတ် ၂၀

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အီရတ်နိုင်ငံတောင်ပိုင်းဒေသရှိ ဘာဆာရာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဗြိတိသျှအစိုးရက ဗုဒ္ဓဟူးနေ့က အတည်ပြုပြောကြားသည်။

တာဝန်ထမ်းဆောင်

အသက် ၂၉ နှစ်ရှိ တပ်ကြပ်ထရီဗာသောမတ်စ်သည် အမှတ်(၂) ခြေမြန်တပ်ရင်းအဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး ချီရှိုင်းယား တပ်ရင်းကြီးအောက်ရှိ အမှတ်(၁)တပ်ရင်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်ဟု ဗြိတိသျှကာကွယ်ရေးဌာနက ပြောကြားသည်။

သေဆုံး

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ ဖြစ်ဖွယ်ရှိသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဘာဆာရာမြို့တွင် အင်္ဂါနေ့က တိုက်ခိုက်ကြရာမှ သောမတ်စ်သေဆုံးခဲ့ခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ လွန်ခဲ့သည့်နှစ် မတ်လက စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည့် ဦးရေမှာ ယခုတပ်ဖွဲ့ဝင် သောမတ်စ် သေဆုံးမှုနှင့်ဆိုပါက ၆၅ ဦး ရှိသွားပြီဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွား

ဗြိတိသျှတပ်ဖွဲ့ဝင် ၉၀၀၀ ကျော်ရှိသည့် ဘာဆာရာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ လွန်ခဲ့သည့် ၁၂ ရက်ကတည်းက ကြိုးကြားကြိုးကြား တိုက်ခိုက်မှု ဖြစ်ပွားသည့် ဒေသဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တောင်ပိုင်း၌ပြန်ပေးဆွဲခံရသူ အမေရိကန်နိုင်ငံသား မည်သည့်နေရာရောက်နေသည်ကို မသိရသေး

ဝါရှင်တန် ဩဂုတ် ၂၀

အီရတ်နိုင်ငံတောင်ပိုင်း နာဆရီယာမြို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသား မစ်ကာဂါရင်သည် မည်သည့်နေရာတွင် ရောက်နေသည်ကို သိရှိရန် အမေရိကန်သံရုံးက ကြိုးပမ်းလျက်ရှိကြောင်းဖြင့် အမေရိကန် နိုင်ငံခြားရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ဆက်သွယ်

သူနှင့် ပတ်သက်၍ မိမိတို့ ပြောနိုင်သည်မှာ မိမိတို့သည် မစ်ကာဂါရင်၏ မိသားစုသူနှင့် စေ့စပ်ထားသူတို့နှင့် အဆက်အသွယ် မပြတ်ကြောင်း၊ အီရတ်ရှိ မိမိတို့ သံရုံးကလည်း သူဘယ်ရောက်နေသည်ကို သိရှိရန်အတွက် နာဆရီယာမှ တပ်ဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ အဒမ်အာရီလီက ပြောဆိုသည်။

အစွမ်းကုန်ကြိုးပမ်း

မိမိသတိထားမိသလောက် သူဘယ်ရောက်နေသည်ကို မိမိတို့ မပြောနိုင်သေးကြောင်း၊ မစ္စတာမစ်ကာ ရောက်ရှိနေသည့်နေရာသိရှိပြီး၊ မိသားစုနှင့် ပြန်လည်ပေါင်းဆုံစေရေးအတွက် အမေရိကန် ပြည်ထောင်စုက ဆက်လက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ပြန်ပေးဆွဲ

မစ်ကာဂါရင် (၃၆)နှစ်အား နာဆရီယာ ဈေးအတွင်းမှ အီရတ်စကားပြန်နှင့် အတူ စနေနေ့က ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်စစ်ပွဲနောက်ပိုင်း အမေရိကန် ယာယီအုပ်ချုပ်ရေးအဖွဲ့သုံးငွေတွင် သန်း ၈၈၀၀ ကွာသည့်ကိစ္စ ရှင်းလင်းရန်တောင်းဆို

အီရတ်နိုင်ငံ တောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေကြသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်စာရင်းစစ်များသည် အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူထားစဉ်က သုံးစွဲခဲ့သောငွေစာရင်းများကို စစ်ဆေးခဲ့သည်။ ထိုစစ်ဆေးတွေ့ရှိချက်များကို မကြာမီအချိန်တွင် ထုတ်ပြန်သွားရန်ရှိသည်။ စာရင်းစစ်ဆေးမှုများအရ အီရတ်နိုင်ငံအတွက် သတ်မှတ်ထားသော ရန်ပုံငွေများထဲမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၈၈၀၀မှာ စာရင်းပျောက်လျက်ရှိသည်ကို သိရသည်ဟုဆိုသည်။

ထိုစာရင်းဆိုင်ရာအားနည်းချက်များကို အမေရိကန်ယာယီအုပ်ချုပ်ရေးအဖွဲ့၏စာရင်းများ စစ်ဆေးစဉ်က တွေ့ရှိခဲ့ကြခြင်းဖြစ်၏။ စာရင်းစစ်အဖွဲ့က ယာယီအုပ်ချုပ်ရေးအဖွဲ့သည် ငွေကြေးသုံးစွဲရာတွင် အနည်းဆုံး ဒေါ်လာငွေသန်း ၈၈၀၀ ဖိုးစာရင်းမပေါ်ဘဲဖြစ်နေသည်ကို တွေ့ရှိခဲ့သည်။ ထို့အပြင် အုပ်ချုပ်ရေးအပိုင်းတွင်လည်း ထိုအဖွဲ့သည် ရန်ပုံငွေ ကြေးကိစ္စတွင် ကြီးကြပ်မှုအားနည်းခဲ့ကြောင်း စာရင်းစစ်ချုပ်က ထောက်ပြခဲ့သည်။

အတည်ပြု

ထိုစာရင်းစစ်တွေ့ရှိချက်များနှင့်ပတ်သက်သောသတင်းကို ယခုဩဂုတ်လအတွင်းတွင် စာနယ်ဇင်းဆိုင်ရာများနှင့် အငြိမ်းစား ဗိုလ်မှူးကြီးဒေးဗစ်ဟောဂ်ဝဒ်တို့က အင်တာနက်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ ငွေကြေးများစာရင်း ပျောက်နေသည့်ကိစ္စမှာ မှန်ကန်ကြောင်း အမေရိကန်အရာရှိတစ်ဦးက အတည်ပြုခဲ့သည်။

ဝေဖန်ပြစ်တင်

အီရတ်ရေနံရောင်းချရငွေများ၊ နိုင်ငံခြားအစိုးရများထံမှ ထုတ်ယူခွင့်မပေးဘဲ ထိန်းထားသောငွေများနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရ လုပ်ဆောင်ခဲ့သော ရိက္ခာအတွက်ရေနံအစီအစဉ်မှ ပိုငွေများဖြင့် အီရတ်ရန်ပုံငွေကို ဖန်တီးထားခြင်းဖြစ်သည်။ ရိက္ခာအတွက်ရေနံအစီအစဉ်အရ သုံးစွဲသောငွေများနှင့်ပတ်သက်သော်လည်း ကုလသမဂ္ဂက စီစဉ်သောစာရင်းစစ်အဖွဲ့က စစ်ဆေးပြီးနောက် ပြီးခဲ့သောလအတွင်းက ဝေဖန်ပြစ်တင်မှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်ဦးဆောင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့လက်ထက်တွင် ဝန်ကြီးဌာနများ၌ ဝန်ထမ်းများတကယ်မရှိဘဲ ဝန်ထမ်းဦးရေထောင်နှင့်ချီ၍ ရှိနေကြောင်းစာရင်းလိမ်ပြပြီး လစာထုတ်ယူမှုများရှိနေသည်ကို စာရင်းစစ်များက စစ်ဆေးတွေ့ရှိခဲ့ကြသည်ဟုဆိုသည်။

ထုတ်ပေး

လုပ်ငန်းတစ်ခုတွင် အစောင့်အရှောက် ဝန်ထမ်းများတကယ်ရှိကြောင်းအထောက်အထားမရှိပါဘဲလျက် ဝန်ထမ်း ၇၄၀၀၀တို့အတွက် လစာငွေများ ထုတ်ပေးထားသည်ကို တွေ့ရသည်။ အခြားလုပ်ငန်းတစ်ခု၌လည်း လစာငွေစာရင်းတွင် အစောင့်အရှောက် ဝန်ထမ်းပေါင်း ၈၂၀၆ဦးရှိကြောင်း စာရင်းပြ၍ ငွေထုတ်နေသော်လည်း အမှန်တကယ်စာရင်းပေါ်နေသော ဝန်ထမ်းဦးရေမှာ ၆၀၃ ဦးသာရှိကြောင်းစိစစ်သိရှိရသည်ဟုဆိုသည်။

တောင်းဆို

ဆီးနိတ် ကိုယ်စားလှယ် သုံးဦးတို့ကလည်း ဇွန်လအတွင်းက အီရတ် အာဏာပိုင်များလက်သို့ လွှဲပေးသည်ဆိုသော ရန်ပုံငွေနှင့်ပတ်သက်၍ ယာယီအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်ကို မည်သို့မည်ပုံသုံးစွဲခဲ့ကြောင်းရှင်းလင်းရန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲကို တောင်းဆိုခဲ့ကြသည်။ ထိုဆီးနိတ်ကိုယ်စားလှယ်များမှာ အော်ရီဂွန်ပြည်နယ်မှ ရွန်ဝိုင်ဒင်၊ အိုင်အိုဝါပြည်နယ်မှ တွမ်ဟာကင်နှင့် မြောက်ဒါကိုတာပြည်နယ် မှ ဘိုင်ရွန်ဒေါဂန်တို့ဖြစ်ကြသည်။

စွပ်စွဲထား

အမေရိကန်ဦးဆောင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့သည် အီရတ်အာဏာပိုင်များထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးခဲ့သည်။ ငွေများကို စာရင်းအင်း အထောက်အထားအထိန်းအချုပ် တစ်စုံတစ်ရာမရှိဘဲ လက်လွတ်စပယ်သုံးစွဲခဲ့သည်ဟုဆီးနိတ်ကိုယ်စားလှယ်များကစွပ်စွဲထားပြီးရှင်းလင်းချက်ပေးရန် တောင်းဆိုကြောင်း ၎င်းတို့၏ပေးစာတွင် ဖော်ပြထားသည်။

မေးခွန်းထုတ်

အထက်ပါ အဖြစ်အပျက်ကဲ့သို့ ဖြစ်ကတတ်ဆန်းဆောင်ရွက်မှုများ အကြီးအကျယ်ရှိနေသည့် အချက်သည် အမေရိကန် ယာယီအုပ်ချုပ်ရေးအဖွဲ့၏ ငွေကြေးသုံးစွဲမှုကိစ္စများတွင် လိမ်လည်မှုများ၊ ဖြုန်းတီးမှုများနှင့် အလွဲသုံးစားပြုမှုများရှိနေပြီလောဟု သံသယမေးခွန်းထုတ်စရာများ ရှိနေကြောင်း ဆီးနိတ်ကိုယ်စားလှယ်များက ဆိုကြသည်။

ဖော်ပြပါ ရန်ပုံငွေသုံးစွဲမှုကိစ္စများနှင့် ပတ်သက်သောစာရင်းစစ် အစီရင်ခံစာပါ ဖော်ပြချက်များနှင့်ပတ်သက်၍ အမေရိကန်စစ်ဌာနချုပ်ပင်တဂွန်ကရုတ်ခြည်းတုံ့ပြန်ဖြေကြားခြင်း မပြုသေးကြောင်းသိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်ရှိ ပိုလန်အခြေစိုက်စခန်းကို ပစ်ခတ်တိုက်ခိုက်

ဝါဆော ဩဂုတ် ၂၀

အီရတ်နိုင်ငံရှိ ပိုလန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းတွင် စိန်ပြောင်းဖြင့် တိုက်ခိုက်ခဲ့ရမှုကြောင့် လူနှစ်ဦး ဗုဒ္ဓဟူးနေ့က ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပိုလန်စစ်ဘက်က ပြောကြားသည်။

စိန်ပြောင်းကျည်ခြောက်စင်း အဆိုပါ အခြေစိုက်စခန်းအား ထိမှန်ရာလူနှစ်ဦးထိခိုက်ဒဏ်ရာရရှိပြီး အဆောက်အအုံပျက်စီးသွားကြောင်း ဘေဘီလုံအခြေစိုက်စခန်းမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး အာသာဒိုမန်စကီးက ရိုက်တာသတင်းဌာနအား တယ်လီဖုန်းဖြင့် ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းတိုက်ခိုက်မှုကြောင့်အမေရိကန်နိုင်ငံသားအရပ်သားတစ်ဦးနှင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်းပိုလန်ပုဂ္ဂလိကရုပ်မြင်သံကြားဌာနမှသတင်းထောက်တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

ဘေဘီလုံ အခြေစိုက်စခန်းသည် တည်ငြိမ်မှုမရှိသော ဟီလာမြို့မှ ကီလိုမီတာ များစွာဝေးသည့်ဒေသတွင် ရှိပြီး ယင်းဒေသတွင် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များအား လွန်ခဲ့သည့်ရက်များက တိုက်ခိုက်ခဲ့သည့်ဒေသဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် ဂရင်းနစ်စံတော်ချိန် ၁၀ နာရီခွဲတွင်ဖြစ်ပွားခဲ့ကြောင်း ပိုလန်စစ်ဘက်က ပြောကြားသည်။ ဖော်ပြပါတိုက်ခိုက်မှုသည် ၁၀ မိနစ်ခန့်ကြာပြီး တပ်ဖွဲ့ဝင်များနှင့် အခြေစိုက်စခန်းမှ အခြားဝန်ထမ်းများ ကတုတ်ကျင်းများတွင် ပုန်းအောင်းနေခဲ့ရကြောင်း ဖော်ပြပါ ပိုလန်ပုဂ္ဂလိကရုပ်မြင်သံကြားဌာနက ပြောကြားသည်။ ပိုလန်စစ်ဌာနချုပ်က ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀အပါအဝင် နိုင်ငံစုံတပ်ဖွဲ့ဝင် ၈၀၀၀ ကို အုပ်ချုပ်နေပြီး အီရတ်ရှိ အမေရိကန်ဦးဆောင်အပေါင်းပါတပ်ဖွဲ့များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံနာဂျက်ဖ်မြို့တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား ထောက်ခံသည့် အီရတ်ပြည်သူများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

တူရကီနိုင်ငံသား ယာဉ်မောင်းကို ပြန်လွှတ်ပေး

အန်ကာရာ ဩဂုတ် ၂၀

အီရတ်ခုခံတိုက်ခိုက်ရေးသမားများဟု သင်္ကာမကင်းဖြစ်ရသူများက ပြန်ပေးဆွဲခဲ့သည့် တူရကီနိုင်ငံသား ထရပ်ကားမောင်းသူတစ်ဦးအား လွှတ်ပေးလိုက်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မူစတာဖာဘော့ဆယ်သည် ပြန်ပေးဆွဲခံရသည့် အခြားတူရကီနိုင်ငံသား နှစ်ဦးအနက် တစ်ဦးဖြစ်ပြီး ၎င်းတို့က အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များထံ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်စဉ် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရခြင်း ဖြစ်ကြောင်း ၎င်းတို့၏ မိသားစုဝင်များက ယခုရက်သတ္တပတ်က ပြောကြားသည်။

မူစတာဖာဘော့ဆယ်သည် ယခုအခါ အီရတ်နိုင်ငံရှိ ဘဂ္ဂဒက်မြို့တော် တူရကီသံရုံးတွင် ရောက်ရှိနေပြီး ယင်းနေရာမှ တူရကီနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်ဟု အဗ္ဗဒူလာဂါးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အဖမ်းခံထားရသည့် ဒုတိယမြောက် ထရပ်ကားမောင်းသူ မူစတာဖာကမ်ဒါရယ်လီ ဘယ်ဆီဘယ်ဝယ် ရောက်ရှိနေသည်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

ပြန်ပေးဆွဲခံရ

ပြည်ပနိုင်ငံမှ အလုပ်သမားများ အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံခဲ့ကြရသည်။ တူရကီကုမ္ပဏီ အများစုသည် ၎င်းတို့၏ ဝန်ထမ်းများ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှု ရှိနေမှုကြောင့် အီရတ်နိုင်ငံရှိ ဝန်ထမ်းများကို ရုပ်သိမ်းခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အဘူဂါရိပ်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုလုပ်ရပ် ကန်စစ်ဘက်မှ ဆရာဝန်များ ပူးပေါင်းလုပ်ဆောင်ခဲ့ဟုဆို

လန်ဒန် ဩဂုတ် ၂၀

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်စစ်ဘက်မှ ဆရာဝန်များသည် ဘဂ္ဂဒက်မြို့အပြင်ဘက်ရှိ အဘူဂါရိပ်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုလုပ်ရပ်တွင် စစ်ဆေးမေးမြန်းသူများနှင့် ပူးပေါင်းလုပ်ဆောင်ကြကြောင်းဖြင့် ဗြိတိသျှ လန်ထက်ဆေးဂျာနယ်တွင် ဖော်ပြထားသည့် ဆောင်းပါးအရ သောကြာနေ့က သိရှိရသည်။

အချို့သော ဆရာဝန်များသည် သတ်ဖြတ်မှုများ၊ ရိုက်နှက်မှုနှင့် သက်ဆိုင်သည့် အထောက်အထားများအား ဖုံးကွယ်ပြီး သေစာရင်းအတုလုပ်ကာ လိမ်လည်လှည့်ဖြားခဲ့ကြကြောင်း၊ ယင်းဆောင်းပါးရေးသူ မင်နီဆိုတာ တက္ကသိုလ်မှ ပါမောက္ခ စတီဗင်မိုင်းလ်က ရေးသားထားသည်။

ကြံစည်

၎င်းဆရာဝန်များသည် အကျဉ်းသားများအား နိုင့်ထက်စီးနင်း မေးမြန်းရာတွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံးတွင် ဆေးဘက်ဆိုင်ရာနည်းစနစ်များ အသုံးပြု၍ တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ကြံစည်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စတီဗင်မိုင်းလ်က ဆက်လက်ရေးသားသည်။

ရိုက်နှက်မှုကြောင့် လဲကျသွားခဲ့သည့် အကျဉ်းသမားတစ်ဦးအား ဆက်လက် နှိပ်စက်ညှဉ်းပန်းနိုင်ရန်အတွက် ဆေးကုသပေးခဲ့ကြောင်း ၎င်းက ရေးသားသည်။

ဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးနှင့် စိတ်ရောဂါကုဆရာဝန်တစ်ဦးတို့က အဘူဂါရိပ် စစ်ဆေးမေးမြန်းမှုများအား ထောက်ခံအားပေးကာ စောင့်ကြည့်လေ့လာနေကြကြောင်းကို အမေရိကန် အောက်လွှတ်တော်ကြားနာမှုဆိုင်ရာ အထောက်အထားများ၊ အကျဉ်းသားများနှင့် တပ်ဖွဲ့ဝင်များ၏ ကျမ်းကျိန်ထွက်ဆိုမှုများ၊ ဆေးဂျာနယ်များ၏ ရေးသားဖော်ပြချက်များနှင့် အကူအညီပေး အေဂျင်စီများ၏ သတိပေးမှုပေါ် အခြေပြုကာ စတီဗင်မိုင်းလ်က ရေးသားခဲ့သည်။

ပျံ့နှံ့

နှိပ်စက်ညှဉ်းပန်းမှုနှင့် အကျဉ်းသားများအား ပေယျာလကန်ပြုပြီး ဆက်ဆံခဲ့မှုသတင်းသည် နေရာအနှံ့အပြား ပျံ့နှံ့သွားပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းများလည်း သိရှိသွားခဲ့သော်ငြားလည်း ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် တရားဝင်စစ်ဆေးမှု မစတင်မီအထိ ယင်းလုပ်ရပ်များကို ၎င်းတို့က သတင်းပေးပို့ခြင်းမရှိခဲ့ပေ။

ရှုပ်ချ

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား အရှက်တကွဲ အကျိုးနည်းစေသည့် လုပ်ရပ်များနှင့် နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ဓာတ်ပုံများ ဖော်ပြမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုက အုတ်အော်သောင်းတင်း ရှုတ်ချနေကြစဉ် အဘူဂါရိပ် အကျဉ်းစခန်းမှ နှိပ်စက်ကလူ ပြုမှုသတင်းများသည် ဧပြီလကုန်ပိုင်းတွင် ဘူးပေါ်သလို ပေါ်ထွက်လာခဲ့သည်။

သေဆုံး

အမေရိကန်စစ်ဘက်၏ ဆေးဘက်ဆိုင်ရာစနစ်က အကျဉ်းသားများ၏ လူ့အခွင့်အရေးကိစ္စများကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းမရှိဘဲ ရံဖန်ရံခါတွင် စစ်ဆေးမေးမြန်းသူများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး ရိုက်နှက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးသွားသူများကိုလည်း စနစ်တကျ သတင်းပေးပို့ခြင်း မရှိခဲ့ကြောင်း အစိုးရမှတ်တမ်းများက ပြသလျက်ရှိသည်ဟု စတီဗင်မိုင်းလ်က ရေးသားသည်။

ပါဝင်

အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းရန် ပျက်ကွက်မှု၊ ပုံမှန် ဆေးဘက်ဆိုင်ရာ စစ်ဆေးမေးမြန်းမှု၊ ပြုလုပ်မှုနှင့် ကိုယ်လက်မသန်မစွမ်းသူ သို့တည်းမဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အကျဉ်းသားများအား ဂရုတစ်စိုက်ကုသခြင်း မရှိခဲ့မှုများလည်း ပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့ ကောင်းကင်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် ရဟတ်ယာဉ်များကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့ရှိ ကန်သံရုံး စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်သံရုံး အဆောက်အအုံများရှိရာ အဆောက်အအုံကို ကြာသပတေးနေ့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်သံရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ စိန်ပြောင်းကျည်သည် ဘဂ္ဂဒက်မြို့ရှိ အစောင့်အကြပ် ထူထပ်စွာချထားသည့် အစိမ်းရောင်နယ်မြေမှ အီရတ် ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ သမ္မတနန်းတော်တစ်ခု၏ ခေါင်မိုးကို ထိမှန်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အထပ်ပေါင်းများစွာပါဝင်သည့် အဆိုပါ အဆောက်အအုံမှ မီးခိုးများ လိပ်တက်လာသည်ကို မြင်တွေ့ရသည်။ အဆိုပါ အဆောက်အအုံထဲတွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါနိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒါဇင်နှင့်ချီသည့် အမေရိကန် သံတမန်များ အလုပ်လုပ်ကိုင်နေကြသည်။

ရှိမနေ

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အမေရိကန်သံအမတ်ကြီး ဂျွန်နီဂရိုးပွန်တီသည် ဘဂ္ဂဒက်မြို့၌ ရှိမနေကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပေါက်ကွဲ

အစိမ်းရောင်နယ်မြေတွင် စိန်ပြောင်းကျည်နှစ်လုံး ပေါက်ကွဲခဲ့ရာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အသေးစိတ် အချက်အလက်များကို ကြေညာချက်တွင် ဖော်ပြမထားဘဲ အမေရိကန်သံရုံး အဆောက်အအုံအား စိန်ပြောင်းဖြင့် တိုက်ခိုက်ခြင်းလည်း ပါ၊ မပါကို ရှင်းလင်းပြတ်သားစွာ ဖော်ပြမထားပေ။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက မကြာခဏ တိုက်ခိုက်တတ်သည့် တိုက်ဂရစ်မြစ်ကမ်းနံဘေးရှိ အဆိုပါ အစိမ်းရောင်နယ်မြေတွင် ထောင်နှင့်ချီသည့် အမေရိကန်နှင့် အီရတ်နိုင်ငံသားများ အလုပ်လုပ်ကိုင်နေသည်။ အမေရိကန် သိမ်းပိုက်ရေးတပ်ဖွဲ့၏ အာဏာပိုင် အဖွဲ့အစည်းဟောင်း၏ ဌာနချုပ်ဖြစ်သည့် အဆိုပါ အဆောက်အအုံမှာ ကြာသပတေးနေ့က တိုက်ခိုက်ခံရသေးသည်။ ***အင်တာနက်။***

အဘူဂါရိပ်အကျဉ်းထောင် ရုန်းရင်းဆန်ခတ်ဖြစ် အကျဉ်းသားနှစ်ဦးသေပြီး ငါးဦးဒဏ်ရာရ

ဝါရှင်တန် ဩဂုတ် ၂၀

ဘဂ္ဂဒက်မြို့အနီး အဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားချင်း ရန်ဖြစ်သည့်အတွက် ဗုဒ္ဓဟူးနေ့က အကျဉ်းသားနှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အင်အားသုံး

အမေရိကန်စစ်ဌာနချုပ်က ထုတ်ပြန်သည့်ကြေညာချက်တွင် အကျဉ်းသားများမည်သို့ သေဆုံးရသည်ကို ရှင်းလင်းစွာဖော်ပြမထားပေ။ သို့သော် ဗုဒ္ဓဟူးနေ့စောစောပိုင်းက အကျဉ်းစခန်းတွင်း ရုန်းရင်းဆန်ခတ်ဖြစ်မှုကို ထိန်းသိမ်းရန် အမေရိကန်တပ်များက အင်အားသုံးရသည်ဟု ဖော်ပြထားသည်။

ဝိုင်းဝန်းပြစ်တင်

အဘူဂါရိပ်အကျဉ်းစခန်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက် အရှက်တကွဲဖြစ်အောင်ပြုလုပ်သည့် ဌာနတစ်ခုဖြစ်သည်။ ထိုအနိဋ္ဌာရုံကြောင့် နိုင်ငံတကာက ဝိုင်းဝန်းပြစ်တင်ပြီး အာရပ်ကမ္ဘာတွင် မကျေမနပ်ဖြစ်ကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံခြားသတင်းများ

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၉၄၉ ဦးရှိ

ဝါရှင်တန် ဩဂုတ် ၂၀

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ချိန်မှစ၍ ယခုနှစ် ဩဂုတ် ၂၀ ရက်အထိ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူမှာ ၉၄၉ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်ကြေညာသည်။

အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၇၀၈ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး၊ ၂၄၁ ဦးမှာမူ တိုက်ခိုက်မှုနှင့်မသက်ဆိုင်သည့် အခြားအကြောင်းများကြောင့် ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖော်ပြပါကာလအတွင်း အီရတ်တွင် အခြားတပ်ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ပိုလန်ကိုးဦး၊ ဘူလ်ဂေးရီးယားခြောက်ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တစ်ဦးစီတို့ ဖြစ်သည်။

သေဆုံး

အီရတ်တွင် အဓိကကျသော တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၈၁၁ ဦး သေဆုံးခဲ့ရာတွင် ၅၉၉ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရပြီး၊ ၂၁၂ ဦးမှာ တိုက်ခိုက်မှုနှင့်မသက်ဆိုင်သည့် အခြားအကြောင်းများကြောင့်သေဆုံးရခြင်းဖြစ်သည်။ ***အင်တာနက်။***

နာဂျက်ဖ် ရဲစခန်း စိန်ပြောင်းနှင့် အပစ်ခံရ ငါးဦးသေဆုံး

နာဂျက်ဖ် ဩဂုတ် ၂၀

နာဂျက်ဖ်မြို့ရှိ ရဲစခန်းတစ်ခုကို ယမန်နေ့က စိန်ပြောင်းဖြင့် တိုက်ခိုက်ခံခဲ့ရရာ လူငါးဦးသေဆုံးသွားပြီး ၂၁ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှ လာသောသတင်းအရ သိရသည်။

ရဲစခန်းမှာ မိုတာဒါဆာဒါ၏အဖွဲ့များ နေရာယူထားသော အထွက်အမြတ်ထားရာနေရာနှင့် ကွာလှမ်းသောနေရာတွင် တည်ရှိသည်။ သို့ရာတွင် ထိုစခန်းကို စိန်ပြောင်းနှင့်သုံးချက်ဆက်၍ ပစ်ခတ်ခြင်းခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့ဆိုင်ရာများထံမှရသောသတင်းက ဆိုသည်။ နာဂျက်ဖ်မြို့တွင် နေရာယူထားသော ရှီးယိုက်ခေါင်းဆောင်၏ တပ်ဖွဲ့များသည် အမေရိကန်စစ်ဘက်နှင့် ရင်ဆိုင်တိုက်ခိုက်နေသည်မှာ သီတင်းနှစ်ပတ်ရှိသွားပြီဖြစ်သည်။

ယခု တိုက်ခိုက်မှုကြောင့် ထိခိုက်သေကျေကြသူများထဲတွင် ရဲတပ်ဖွဲ့ဝင်မည်မျှ ပါသည်ကို မသိရသေးဟု ဆိုသည်။ ထိုအဖြစ်အပျက် မတိုင်မီကလည်း နာဂျက်ဖ်မြို့၌ ပေါက်ကွဲမှု အများအပြားဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေး

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် တည်ဆောက်ပေးထားသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်ရှိ ဟိုမိန်းတိုက်နယ်ဆေးရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

တိုင်းရင်းဆေးတက္ကသိုလ်

ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများအနက် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းကို တွေ့ရစဉ်။
ဓာတ်ပုံ(သတင်းစဉ်)

သူနာပြုသင်တန်းကျောင်း

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးတွင် အရေးပါသည့် သူနာပြုများ၏ အရည်အသွေးမြင့်မားရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဖွင့်လှစ်ပေးခဲ့သော သူနာပြုသင်တန်းကျောင်းအဆောက်အအုံကိုတွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုပြီး တိပိဋက-ပါဠိမြန်မာ အဘိဓာန်အတွဲ(၁)ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ထို့နောက် တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပတ်သက်၍ စီစဉ်ထားမှုအခြေအနေများကို လည်းကောင်း သင်္ဃန်းကျွန်း မြို့နယ် ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယက တင်ပြလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိပိဋက-ပါဠိမြန်မာ အဘိဓာန် အတွဲ(၁)နှင့် လှူဖွယ် ပစ္စည်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက ဦးဆောင်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အလှူရှင်ဒါယကာ ဦးကျော်ညွန့်-ဒေါ်သန်းမြင့် မိသားစုတို့က ပုံနှိပ် လှူဒါန်းသည့် တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်း အတွဲ(၁)အုပ်ရေ ၁၀၀၀ ကို လက်ခံယူ၍ အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

အမျှဝေ

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်းများကို လှူဒါန်းလိုပါက ဖုန်း-၆၆၀၈၄၃၊ ၆၅၀၀၀၇၊ ၆၆၀၇၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က)ရပ်ကွက် (၃)လမ်းရှိ အင်းစိန်မြို့နယ် ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေး အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး၏ ဖောင်တော်ဦးဓမ္မရိပ်သာ ဓမ္မာရုံတော်ကြီး၌ကျင်းပရာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တာဝန်ရှိသူများနှင့်အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် သတင်းထောက် စဉ့်ကူစိုးဝင်းက ဆောင်ရွက်ပြီး ရှေးဦးစွာ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကွက်သစ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူက ဘုရားကြီး ဘက်စုံတည် ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက ဩဝါဒကထာ မြွက်ကြားတော်မူပြီး တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

အလှူငွေများ

ထို့နောက် အလှူရှင်များက ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံ တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဘုရားကြီး၏ ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက အလှူငွေကျပ် ၁၀၀၀၀၀၊ ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကုသလ(ဈေးကုန်း ပရိယတ္တိ စာသင်တိုက်)၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း-ဒေါ်ခင်ဝင်းမြင့် မိသားစု၊ အင်းစိန် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလွင်-ဒေါ်ဥမ္မာထွန်းနွယ်မိသားစုနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ-ဒေါ်ကြူကြူမိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ၊ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ၏ လှူဒါန်း ငွေကျပ် ၃၀၂၃၄၈၀၊ ဦးအောင်မြင့်-ဒေါ်အမာဆွေ (က/၄လမ်း)၊ ဦးဝင်းလှိုင်-ဒေါ်ခင်နီသန်း (က/၃လမ်း)၊ ဦးမျိုးသိန်း၊ကိုဇော်ကိုကို(က/၃လမ်း)၊ ဦးမျိုးညီညီ-ဆရာမကြီး ဒေါ်သန်းသန်း၊ ဦးစိန်အေး မိသားစု(က/၃လမ်း)၊ ဦးမောင်ဝင်း-ဒေါ်နွဲ့ မိသားစု (ကြေးတိုင်စု ၁-လမ်း)၊ ဦးမောင်မောင်မြင့် - ဒေါ်တင်မာမာ (က/၃လမ်း)နှင့် ဦးလှမြင့်-ဒေါ်တင်တင်ညွန့်၊ သား မောင်မျိုးသန့်ဇင် သီရိရတနာ(၁)လမ်းတို့က အလှူငွေကျပ် ၁၀၀၀၀၀ စီ အပါအဝင် အလှူရှင် ၅၃ဦးတို့က အလှူငွေကျပ် ၅၆၄၉၃၃၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်ဈေးကုန်း ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အလှူငွေများကို ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်သူက ပေးအပ်လှူဒါန်းရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင် ဒါယကာ ဦးကျော်ညွန့်-ဒေါ်သန်းမြင့်မိသားစုက တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်းအတွဲ(၁) အုပ်ရေ ၁၀၀၀ ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်း အမှတ်(၃၀)နေ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ လူမှုထူးချွန်ပထမဆင့် ဒေါ်ဆယ်(ငွေဆယ်မိသားစု)တို့က ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဩဂုတ် ၁၆ရက်က ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

✧ **တိုင်းမှူးမှ**

လူသွားစင်္ကြံ၌ကွန်ကရစ်ကျောက်ပြားများ အသစ်ပြုပြင်ခင်းနေမှု အခြေအနေများနှင့် လမ်းလယ်ကျွန်း၌ တော်ဝင်အုန်းပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ဓမ္မစေတီလမ်း၌ စက်ယန္တရားများဖြင့် ထပ်ပိုး နိုင်လွန်ကတ္တရာခင်းနေမှု၊ ရွှေတောင်ကြားလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းတူးဖော်နေမှုနှင့် ဆယ်ယူနေမှု၊ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေမှုနှင့် အပိုင်းလိုက် ထပ်ပိုးကတ္တရာခင်းနေမှုအခြေအနေများကို လည်းကောင်း၊ ရန်ကင်းမြို့နယ်နှင့် ဗဟန်းမြို့နယ်အစပ် အမှတ်(၁)စက်မှုဝန်ကြီးဌာနရုံးရှေ့ ကမ္ဘာအေးစေတီလမ်းတစ်လျှောက် လူသွားစင်္ကြံ၊ ကွန်ကရစ်ကျောက်ပြားများ အသစ်ခင်းနေမှု၊ လမ်းဘေးဝဲ/ယာရှိအုတ်ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူနေမှုနှင့် မြောင်းဖုံးများ စနစ်တကျထားရှိမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တာဝန်ရှိသူများအား ရန်ကုန်မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များ၌ အပိုင်းလိုက် စနစ်တကျဆောင်ရွက်ကြရန်၊ရန်ကုန်မြို့တော်တစ်ခွင်ရှိ လမ်းများ၌သာယာလှပပြီးအမြင်တင့်တယ်စေရေးအတွက် လူသွားစင်္ကြံများ အသစ်ပြုပြင်မွမ်းမံခြင်း၊ လမ်းဘေးဝဲ/ယာနှင့် လမ်းလယ်ကျွန်းများ၌ ပန်းမန်နှင့် အလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန်နှင့် လမ်းများ ထပ်ပိုး နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကို ရာသီဥတုသာယာသည့် အချိန်များတွင် နေ့/ညမရွေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးအပြင် တပ်နယ်များအတွင်းရှိ အိမ်ရာစခန်း အားလုံးတို့၌လည်း တစ်ပြိုင်တည်းဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ကုန်ချောများ အရည်အသွေး ကောင်းမွန်ရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက် ဝန်ထမ်းများ၏ အရည်အချင်း၊အရည်အသွေးများတိုးတက်ရန် လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဩဂုတ် ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့် တိုင်းများမှ ဦးစီးမှူးများ၊ စက်ရုံမှူးများနှင့် စက်ရုံခွဲမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနသည် ထုတ်လုပ်မှု လုပ်ငန်းတာဝန်များအပြင် ဖြန့်ဖြူးမှုလုပ်ငန်းရပ်များကိုပါ တာဝန်ယူ ဆောင်ရွက်နေကြောင်း။

အထူးသဖြင့် ပြည်သူများ လက်ဝယ်သို့ အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများကို ချိုသာသော ဈေးနှုန်းဖြင့် ရောက်ရှိရေးအတွက် ဝင်းသူဇာအရောင်းဆိုင်များမှသာမက ဈေးကားများဖြင့်လည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း။

စနစ်တကျကြပ်မတ်

သို့ဖြစ်၍ စက်ရုံမှူးများသည် စက်ရုံများ၏ အခြေခံ လိုအပ်ချက်များဖြစ်သော ကုန်ကြမ်းများ ပြတ်လပ်မှုမရှိရေး၊ စက်အရန်ပစ္စည်းများ အသင့်ထားရှိရေးအပြင် ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်မီ၍ ကုန်ချောပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အရည်အချင်း၊ အရည်အသွေးများ တိုးတက်ရန် လေ့ကျင့်ပျိုးထောင်နေကြရမှာဖြစ်ကြောင်း။

ထို့ပြင် အထက်မှ ပေးအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာကြပြီး စက်ရုံအသီးသီး၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်မှုကြီးကြပ်ရေးနှင့် စက်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာ စက်ရုံအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

ဆက်လက်၍ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်ကဦးစီးဌာန လုပ်ငန်းများ၏ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြပြီး စက်ရုံထူးချွန်ဆု၊ ထူးချွန်ဝင်းသူဇာ အရောင်းဆိုင်ဆုနှင့် ဘဏ္ဍာရေးနှစ်ချုပ် စာရင်းရေးဆွဲမှုဆုများ ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ထူးချွန်စက်ရုံ ပထမဆုရ ကြခင်းဘိလပ်မြေစက်ရုံအမှတ်(၂)အား လည်းကောင်း၊ ဒုတိယဆုရ မော်ဘီ မီးခံဘိလပ်မြေပြားစက်ရုံအား လည်းကောင်း၊ တတိယဆုရ ဖိနပ်စက်ရုံ အမှတ်(၁)အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ဝန်ကြီးသည် အထူးဆုများရရှိသည့် မန္တလေးအချိုရည်စက်ရုံ၊ အုတ်စက်ရုံ အမှတ်(၁)နှင့် အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်)တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ထူးချွန် ဝင်းသူဇာ အရောင်းဆိုင်ဆုအတွက် ပထမဆုရ ဝါးတန်း ဝင်းသူဇာအရောင်းဆိုင်၊ ပူးတွဲ ဒုတိယဆုရ လှိုင်ရတနာ ဝင်းသူဇာ အရောင်းဆိုင်နှင့် ပန်းဆိုးတန်း ဝင်းသူဇာ အရောင်းဆိုင်၊ ပူးတွဲ တတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဝင်းသူဇာအရောင်းဆိုင်နှင့် စစ်တွေ ဝင်းသူဇာအရောင်းဆိုင်၊ အထူးဆုများရရှိသည့် လှိုင်သာယာ ဝင်းသူဇာ အရောင်းဆိုင်၊ ဗဟန်း ဝင်းသူဇာ အရောင်းဆိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) ဝင်းသူဇာအရောင်းဆိုင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်း ရေးဆွဲမှုဆုများတွင် အုပ်စု(က) စက်ရုံအစုအတွက် ပူးတွဲပထမဆုရ ပလိပ်ချည်မျှင်နှင့် အထည်စက်ရုံနှင့် စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံတို့အားလည်းကောင်း၊ ဒုတိယဆုရ သာယာဝတီပန်းကန်နှင့် ကြွေပြား စက်ရုံအားလည်းကောင်း၊ တတိယဆုရ ပုသိမ်မှန်စက်ရုံအား လည်းကောင်း၊ အုပ်စု(ခ) စက်ရုံများ အစုအတွက် ပူးတွဲပထမဆုရ အဆင့်မြင့် မီးခံ အုတ်စက်ရုံနှင့် အင်္ဂတေပစ္စည်းစက်ရုံတို့အား လည်းကောင်း၊ ဒုတိယဆုရ အုတ်စက်ရုံအမှတ်(၁)အား လည်းကောင်း၊ တတိယဆုရ ပလတ်စတစ်စက်ရုံအား လည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

☆ **စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

၃။ စိုက်ပျိုးရေးနည်းသစ်သုံးရဲ

၄။ သဘာဝမြေဩဇာသုံးရဲ

၅။ စက်ယန္တရားသုံးရဲ

၆။ သီးထပ်သီးညှပ်စိုက်ရဲ

၇။ ယုံကြည်စွာလုပ်ရဲ

၈။ စိုက်ပျိုးရေးဝန်ထမ်းများ စူးစမ်းလုပ်ဆောင်မှုနှင့် တာဝန်ယူမှုရဲ

ဟူသော ရဲဆေး(၈)ကျော့လိမ်းပေးလေ၏။

အားတိုးဆေး ၁၀ ခွက်သောက်လျက် ရဲဆေးရှစ်ကျော့လိမ်းရခြင်းကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်ဆက်စပ်သူအားလုံး ပျင်းကြောဆွဲ ရောင့်ရဲလွန်ရောဂါ၊ အဟောင်းစွဲ အစွဲသန်ရောဂါ၊ နောက်မီးဆွဲ ဖင့်နွှဲတုံ့ရောဂါ၊ ခြေသစ်လှမ်း မလှမ်းဝံ့ရောဂါစသော စိုက်ပျိုးရေးဆိုင်ရာရောဂါအပေါင်း ထောင်းထောင်းညက်ကြေပျက်ကြွေမွမွ နာလန်ထလျက် လုံးဝခံ့သာ သွက်လက်စွာဖြင့် ကျန်းမာသော စိုက်ပျိုးရေးကဏ္ဍသစ် တည်ဖြစ်တိုးပွားလာအောင် လှုပ်ရှားစွမ်းဆောင်နိုင်ကြတော့မည်ဖြစ်၏။

ဆက်လက်၍ တိုင်းမှူးက“စိုက်စနစ်မှန်ကန်စွာစိုက်ရန် အထူးလိုအပ်ကြောင်း၊ အရပ်သားနားလည်လွယ်သည့် အရပ်စကားဖြင့်ပြောရလျှင် စပါးပင်တစ်ပင်နှင့်တစ်ပင်အကြား လက်တစ်ဆုပ်စာ အကွာအဝေးထားစိုက်ပြီး စပါးတန်း တစ်တန်းနှင့်တစ်တန်းအကြား လက်တစ်ထွာစာ အကွာအဝေးထားစိုက်ရန်ဖြစ်ကြောင်း၊ထိုနည်းအတိုင်း ကောက်ချက်တစ်ချက် စပါးသုံးပင်နှုန်း စိုက်သွားပါက တစ်ဧကေ၌ ကောက်ကွက် ၁၇၀၀၀၀ ဝင်ဆံ့ကာ စပါးအထွက်နှုန်း တင်း ၁၅၀ အထက် ထွက်ရှိမှာ မုချဖြစ်ကြောင်း၊ တောင်သူ၏ စိတ်ဝင်စားမှုနှင့် လုံ့လဝီရိယပေါ်မူတည်ကာ တင်း ၂၀၀ အထိ ထွက်ရှိမှာဧကန်ဖြစ်ကြောင်း” ပြောကြားပြီး ဤဆောင်ပုဒ်ကိုပြုစုပေး၏။ “ပင်ကြားတစ်ဆုပ်-တန်းကြားတစ်ထွာ၊ ကောက်ပင်တစ်သိန်း ခုနစ်သောင်းပါ၊ ကောက်ပင်ပြည့်မှ တင်းနှစ်ရာရ၊ ပြည့်ပြည့်ဝဝ စိုက်ပါကြ”

အခမ်းအနားပြီးဆုံး၍ စံကွက်ကို စက်ဖြင့်ရိတ်သိမ်းလျက် စက်ဖြင့် ခြွေလှေ့ကာ စံတောင်းဖြင့် ခြင်တွယ်သောအခါ တစ်ဧကအထွက်နှုန်းသည် ၁၈၉ တင်းဖြစ်လေ၏။ အစိုဓာတ် ၁၅ ရာခိုင်နှုန်း နုတ်ပစ်ဦး ၁၆၂ တင်း အသားတင် ကျန်ရှိလေ၏။ ဤမျှအထွက်ကောင်းသည့် ရွှေရင်အေးစပါးကို ရွှေအသွင် ထွေးပွေ့ထားရန် အဘယ်မည်သော တောင်သူသည် အဘယ်ကြောင့် မထက်သန်ဘဲ ရှိတော့မည်နည်း။

(ဃ)

နေရောင်အောက်မှာ ရွှေရောင်တောက်နေသည့် ဒြပ်တစ်ခုကတော့ ရွှေရင်အေးစပါးလုံးလေးများဖြစ်၏။ သည်ရွှေရင်အေးစပါးလုံးတည်းဟူသော ပုံဆောင်ခဲ မျက်နှာပြင်ဝယ် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ အရှေ့ပိုင်းတိုင်း တိုင်းမှူး၏ မေတ္တာ၊ လယ်ယာ၊ ဆည်မြောင်း ဝန်ကြီးဌာန၏ ကမ္ဗည်းတာ(အသင့်ဖြစ်အောင် ဆောင်ရွက်ပေးမှု)၊ တောင်သူတို့၏ မုဒိတာ ပုံရိပ်များ တဖိတ်ဖိတ်ထင်ဟပ်လျက်ရှိ၏။

ရွှေအသွင် ထွေးပွေ့ထားလောက်အောင် ရွှေဘဝင်အေးသွားမည့် ရွှေရင်အေးစပါးသည် နေရောင်အောက်မှာ ရွှေရောင်တောက်နေလေရာ ရွှေးကောက်ယူသုံးသူအတွက် ရွှေတုံးလေးများဖြစ်နေပါတော့သတည်း။ ။

အာဆီယံတက္ကသိုလ်များမှ

ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်လေ့လာ

ရန်ကုန် ဩဂုတ် ၂၁

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်နေကြသော အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခ ဒေါ်လွင်လွင်စိုးခေါင်းဆောင်၍ ယနေ့နံနက်၉နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်မှ ဒုတိယရဲမှူးကျော်သူက မြေညီထပ်ရှိ မူးယစ်ဗဟိုပြကွက်များ၊ ရှေးမြန်မာဘုရင်လက်ထက်မှ ၁၉၈၈ခုနှစ်အထိ အစိုးရအဆက်ဆက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်ပြကွက်များ၊ အရှေ့အာရှသို့ ဘိန်းပျံ့နှံ့ရောက်ရှိလာခြင်းဆိုင်ရာပြကွက်များ၊ တပ်မတော်က သိမ်းဆည်းရမိသော ဘိန်းချက်စခန်းပြကွက်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေးပြကွက်များ၊ ပထမထပ်ရှိ နယ်စပ်ဒေသ ပြကွက်များ၊ စိတ်ကြွရူးသွပ်ဆေးပြားပြကွက်၊ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲပြကွက်၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်းပြကွက်၊ ၁၅နှစ်စီမံကိန်းပြကွက်၊ ပန်းတိုင်သစ်စီမံကိန်းပြကွက်၊ ဒုတိယထပ်ရှိအစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ပြကွက်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ပြကွက်၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့ပြကွက်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ပြကွက်၊ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေးလုပ်ငန်းအဖွဲ့ပြကွက်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုပြခန်းနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းပြခန်းတို့ကို လှည့်လည်ပြသကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ မွေဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အကပြိုင်ပွဲ
- ၈း၁၅ ၇။ ကျောက်တစ်လုံး ရေကူးရေလှောင်တမံ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Say it in English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၂၀)**
- ၁၂း၂၀ ၅။ မန်းချောင်းတံတား
- ၁၂း၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း ယောက်ဖမျက်နှာ (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဇေဒါ)**
- ၂း၂၀ ၇။ တေးဂီတအစီအစဉ်
- ၂း၃၀ ၈။ အတီးပြိုင်ပွဲ
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန (၂၀၀၃-၂၀၀၄ခုနှစ်) ပညာရေးစုံညီပွဲတော်(ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ(ပထမဆု)(အထက-၂၊ဗဟန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅း၀၀ ၄။ အဆေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒ အထူးပြု) (ရူပဗေဒ)
- ၅း၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၃၀ ၆။ ဘဝနိဂုံး ပြုံးပန်းတစ်ရာ
- ၅း၄၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၃၀ ၈။ ညနေခင်းသတင်း
- ၇း၀၀ ၉။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း-၈)**
- ၇း၃၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသား၊ထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၁၈)**
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

အသက်ရှည်စွာ အနာမဲ့ရေး (၃)

ဒေါက်တာလွင်ကို

"ဦးလေးချောတို့ မြေးအဘိုးပါလား၊ ဈေးက ပြန်လာတယ်ထင်တယ်။ ရေနွေးကြမ်းလေး သုံးဆောင်သွားကြပါဦး"ဟုနံနက်ခင်းတစ်ခုဌ်ဈေးမှပြန်လာကြသောဦးဘချောတို့ မြေးအဘိုးကို ကျွန်တော်က ဖိတ်မန္တက ပြုလိုက်ခြင်း ဖြစ်ပါသည်။ ဦးလေးချောနှင့် သူ့မြေးကိုဖြိုးတို့၏ ဈေးခြင်းထဲတွင် ဖရုံသီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ စသည်ဖြင့် သီးနှံများ စုံနေသည့်အပြင် လိမ္မော်သီးနှင့် စပျစ်သီးမရမ်းရောင်ကို ပလတ်စတစ်အိတ်နှင့် သီးခြားထုပ်ထားပါသေးသည်။

"ဦးလေးချောက ဒီ Antioxident တွေပါတဲ့ အစားအစာတွေ အမြဲစားနေလို့ အခုလို နုပျိုနေတာထင်တယ်။ အသက် ၇၀ ထဲဝင်လာပေမယ့် မသိတဲ့ လူကတော့ ၆၀ လောက် ခန့်မှန်းကြမှာ"

"အရွယ်ထောက်လာတဲ့သူကို နုပျိုတယ်လို့ နားဝင်ချိုအောင်ပြောပေးတာ ကျေးဇူးတင်ပါတယ်ဆရာ၊ကျွန်တော်ကတော့ စိတ်ညစ်စရာကို ခေါင်းထဲကြာကြာမထားဘူး၊ သံသယမပွားဘူး၊ အာဃာတမထားဘူး၊ကောင်းတဲ့အရာ၊ ပျော်စရာကိုပဲ စဉ်းစားပါတယ်။ ထားပါတော့လေ၊ အခုန ဆရာပြောတဲ့ အမ်တီအောက်စီဆိုတာဘာလဲ ရှင်းပြပါဦး ဆရာ"

"ကျွန်တော်တို့ခန္ဓာကိုယ်တစ်ခုလုံးကို ဆဲလ် (Cell) တွေနဲ့ တည်ဆောက်ထားပါတယ်။ ဒီဆဲလ်တွေရဲ့ လုပ်ဆောင်မှုတိုင်းမှာ စွမ်းအင် (Energy) လိုအပ်လို့ Oxygenကို သုံးပြီး စွမ်းအင်ထုတ်ရပါတယ်။ အဲဒါကို (Oxidation) အောက်ဇီဒေးရှင်းလို့ မှတ်ရအောင်၊ ဆဲလ်အတွင်းက မိုက်တိုကွန်ဒရီးယား (Mitochondria)ဆိုတာက အောက်စီဂျင်ကိုအသုံးပြုပြီး စွမ်းအင် (Energy)ထုတ်တဲ့ စက်ရုံအငယ်စားလို့ မှတ်ယူရင် ရပါတယ်။ ပိုရှင်းအောင် "မီးဖို"လေးလို့ပဲဆိုပါစို့၊ ခန္ဓာကိုယ်ဟာ အပူစွမ်းအင်မပြတ်လိုအပ်နေတာကြောင့် အမြဲမီးမွှေးထားရတဲ့ မီးဖိုပါပဲ။ အဲဒီမီးဖိုမှာ မီးတောက်တွေ ရှိနေတာနဲ့အမျှ မီးပွားတွေထွက်နေတယ်လို့ မြင်ကြည့် လိုက်ပါ။ အဲဒါဟာ (oxidation process) စွမ်းအင် ထုတ်လုပ်ရေးဖြစ်စဉ်ကပိုထွက်လာတဲ့ Free Radicals Oxygen = FRO_2 မီးပွားလေးတွေပါပဲ။ ဒီမီးပွားလေးတွေက ခန္ဓာကိုယ်မှာရှိတဲ့ အခြားသော ဆဲလ်အကောင်းလေးတွေကိုလဲ လောင်ကျွမ်းပစ်လိုက်ကြပါသေးတယ်"

"အဲဒီတော့ ဘာတွေဆက်ဖြစ်လဲဆရာ၊ ရောဂါတွေရရောလား" ဦးလေးချောက စကားထောက်ရင်း "ဟောလာဗျို့၊ ကိုစံမောင်၊ အသစ်အဆန်းတွေကြားရတော့မယ်၊ ကျွန်တော့်ဦးနှောက်နဲ့တင်မလုံလောက်ဘူး။ ခင်ဗျားတို့ပါ ဝိုင်းမှတ်ကြပါဦး၊ ဒါမှပြန်ဆွေးနွေးလို့ရမှာ"ဟုဆိုကာ ကျွန်တော်တို့စကားဝိုင်းဖွဲ့နေသည်ကို မြင်၍ ဝင်လာသော ဦးလေးဦးစံမောင်ကို ပဋိသန္ဓာရစကားဆိုလိုက်ပါသည်။

"ဟုတ်ကဲ့"၊ ကျွန်တော့်စကားကို ဆက်ပါမယ်၊ မလိုအပ်ဘဲ ဆဲလ်အကောင်းတွေ မီးမြိုက်ခံရသလို လောင်ကျွမ်းတော့ ဆဲလ်ညှိုးသွားတယ်ဆိုပါတော့။ ဒီလိုတရစပ်ဖြစ်ပျက်နေတာကို ကျွန်တော်တို့ မသိလိုက်ကြဘူးလေ။ ခန္ဓာကိုယ်ရဲ့ ဖြစ်/ပျက်ဟာ မြန်ဆန်လွန်းတော့ ကျွန်တော်တို့ မသိလိုက်သလိုပေါ့။ လွန်ခဲ့တဲ့ အပတ်စနေနေ့က ဆရာတော်ဦးဃောသိတ ရုပ်မြင်သံကြားကနေ ဟောကြားတော်မူပါတယ်။ ရုပ်ရဲ့ ဖြစ်/ပျက်စဉ်က တစ်စက္ကန့်မှာ ကုဋေရှစ်ထောင်ရှိပြီး စိတ်ရဲ့ဖြစ်/ပျက်စဉ်က တစ်စက္ကန့်မှာ ကုဋေတစ်သိန်း ရှိတယ်တဲ့"

"များလှချေလား၊ အံ့သြစရာပဲနော်၊ ဆရာကြီး"ဟု ဦးလေးချော၏မြေး ကိုဖြိုးကလည်း ဝင်ဆွေးနွေးလာပါသည်။ "မယုံမရှိနဲ့ကိုဖြိုး၊ ဆရာတို့လို ပုထုဇဉ်မပြောနဲ့၊ မဂ်တွေ ဖိုလ်တွေရပြီးတောင်မှ အကုန်မမြင် မသိနိုင်ဘူး။ ဘုရား၊ ရဟန္တာအဆင့်ရောက်မှ ဒီလောက်မြန်ဆန်လွန်းတဲ့ ဖြစ်/ပျက်စဉ်တွေကို လိုက်မြင်နိုင်မှာ"ဟု ကျွန်တော်က ရှင်းပြရင်း စကားဆက်လိုက်ပါသည်။

"ဦးလေးတို့ရေ၊ စောစောက FRO_2မီးပွားလေးတွေ မီးဖိုက ထွက်တယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်များများသောက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိတ်သောက ဖိစီးခြင်း စတဲ့လောင်စာတွေကို မီးဖိုလေးထဲ ထည့်ပေးလိုက်ရင် မီးပွားက မီးတောက်ဖြစ်လာပြီး ခေါင်အထိ တက်လောင်တတ်ပါတယ်။ မီးလောင်ရာလေပင့်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်သဘောမျိုးပေါ့။ မဖြစ်စလောက် လောင်ကျွမ်းခြင်းကနေ ရောဂါဆိုတဲ့အဆင့်ထိ ရောက်သွားတတ်တဲ့သဘောပါ။ မီးဖိုပတ်လည်မှာ သံပြား၊ သွပ်ပြား ကာရံထားရင် အဲဒီ မီးပွားတွေ၊ မီးညွှန့်တွေက သံပြား၊ သွပ်ပြားနဲ့တွေ့တဲ့ အခါ ဆက်မလောင်ကျွမ်းနိုင်ဘဲ ငြိမ်းသွားတယ်လေ။ Antioxident တွေကလည်း အဲဒီသံပြား၊ သွပ်ပြားသဘော အကာအရံ လိုပါပဲ။ FRO_2 မီးပွားလေးတွေရဲ့ အန္တရာယ်ကနေ ခန္ဓာကိုယ်ကို မထိခိုက်အောင် ကာကွယ်ပေးပါတယ်။ အဲဒီလိုသာ ကာကွယ်မပေးနိုင်ရင်တော့..."

"ဝိပရိနာမဒုက္ခ–ဒုက္ခ–တွေ့တော့မှာပေါ့ဆရာရယ်"

"ဟုတ်ကဲ့၊ ဦးလေးချောပဲ ဆက်ရှင်းပြပေးပါဦး"

"ဒီလိုပါ၊ ခန္ဓာကိုယ်ရလာကတည်းက ဒုက္ခလို့ တရားသဘောက ဆိုသမို့လား။ ဆံဖြူ၊ နားထိုင်း၊ ခါးကိုင်း၊ သွားကျိုး၊ အရိုးပွ၊ အရေတွဲ၊ နဲမှတ်ဉာဏ်၊ မမှန်သတိ စသည်ဖြင့် ဇရာရဲ့အဖြစ်ကို ဝိပရိနာမဒုက္ခ ဒုက္ခလို့ ဆရာတော်ဘုရားကြီးတစ်ပါး မိန့်ကြားခဲ့တာ မှတ်သားဖူးလို့ပါ"

"ဦးဘချော ရှင်းပြသလိုပဲ မိမိခန္ဓာကိုယ်ဟာ တဖွေ့ဖွေ့ လောင်ကျွမ်းနေတဲ့ ဒုက္ခတုံးကြီးလို့ မြင်ကြည့်လိုက်ရင် သံဝေဂရစရာပါပဲ။ သို့သော် လောင်ကျွမ်းမှု မများအောင် လုပ်လို့ကော မရဘူးလား။ လောင်ပြီးသားဆဲလ်တွေ နွမ်းနေရင် လန်းအောင်ပြန်လုပ်လို့ မရဘူးလားဆရာ"ဟု ဦးစံမောင်က ဆိုပါသည်။

"ရတာပေါ့ ဦးလေးရယ်။ ခုန ဆွေးနွေးခဲ့သလို Antioxident နဲ့ မလောင်ကျွမ်းအောင် တားနိုင်ပါတယ်။ ဆဲလ်တွေရဲ့ ပုံမှန်စွမ်းအင်ထုတ်ခြင်း ဖြစ်စဉ်မှာ အပိုထွက်လာတဲ့ FRO_2မီးပွားလေးများရဲ့ မလိုလားအပ်ဘဲ လောင်ကျွမ်းမှုကို တားနိုင်သလို၊ လောင်ကျွမ်းလို့ နွမ်းသွားတဲ့ ဆဲလ်ကို Antioxident ကပဲ အထိုက်အလျောက် ပြန်လန်းစေနိုင်ပါတယ်"

ထိုအခါ ကိုဖြိုးက "ဆရာကြီး ရှင်းပြသလိုဆို Antioxidentက ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ အပြင် များလေကောင်းလေပေါ့နော်။ နောက်ပြီး (Biotechnology)ဇီဝနည်းပညာကို သေသေချာချာ လေ့လာပြီး Antioxidentများတဲ့ (plant)အပင်ငယ်တွေက (extract)ပေါင်းခံရည်ထုတ်ပြီး မအိုမနာ ဆေးအဖြစ် သုံးနိုင်မှာပေါ့။ ဘယ်လိုအပင်တွေရဲ့ ဘာဓာတ်ပေါင်းတွေ ဖြစ်နိုင်ပါသလဲဆရာကြီး"ဟု မေးခွန်းထုတ်လာပါသည်။

"အေး၊ ကိုရင်က ဆေးကျောင်းသားဆိုတော့ သိချင်မှာပဲ။ Antioxident compound ကို Bioflavonoid လို့ခေါ်တယ်။ အဲဒီ Flavonoid တွေဟာ ရေညှိ ရေမှော်ပင်နဲ့ အခြားအပင်ငယ်များရဲ့ ဇီဝဖြစ်စဉ်များကနေ ပေါ်ထွက်လာတယ်။ 2-Phenyl Benzopyran အခြေခံထားတဲ့ Ring structure ဖြစ်တယ်။ အဲဒါပါတဲ့ အရွက်၊ အသီး၊ အပွင့် စသည်တို့ဟာ အဝါ၊ အပြာ၊ အနီရောင် ဖြစ်ကြတယ်တဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဒီလိုဆို အဝါ၊ အပြာ၊ အနီရောင်ပါတဲ့၊ များတဲ့ အရွက်၊ အသီး၊ အပွင့်တွေမှာ Antioxident များတယ်လို့ ပြောလို့ရမယ်ထင်ပါတယ်"

"ပြောလို့ရပါတယ်။ အနည်းအများ ကွာခြားချက်တော့ ရှိတာပေါ့။ ဒီထက်ပိုပြီးလဲ အသေးစိတ်ဦးမှာပါ။ စာကတော့ ဒီလိုဆိုထားတယ်။ Flavonoids is a particular type of organic compound, 2-phenyl benzopyran, a ring structure that gives yellow, red and blue colour of plants တဲ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ကျေးဇူးတင်နေရုံနဲ့မပြီးဘူး။ ကိုရင်တို့ခေတ် နောင်ဆယ်စုနှစ်အနည်းငယ်အတွင်းမှာ ဆေးသိပ္ပံ ပညာရှင်တွေနဲ့ ဘိုင်အိုတက်ကနိုလိုဂျီပညာရှင်တွေ ပူးပေါင်းပြီး ပြန်လည်ငယ်ရွယ်နုပျိုစေတဲ့ ဟိုမုန်းတို့၊ ခန္ဓာကိုယ်အစိတ်အပိုင်းအမျိုးမျိုး အလဲအလှယ် အစားထိုးကုသခြင်းတို့၊ ဇရာကို တော်လှန်နိုင်မယ့် မျိုးရိုးဗီဇတို့၊ အမြွာပူးမဟုတ်ဘဲ၊ တစ်မိခင်တည်း မဟုတ်ဘဲ အမြွာပူးကဲ့သို့ တူအောင်မွေးဖွားနိုင်ရန် မျိုးဗီဇ ပြုပြင်ခြင်းတို့ လုပ်လာတာတွေ အံ့မခန်းကြားရ၊ တွေ့ရပါလိမ့်မယ်။ ကိုရင်တို့ နောက်ကျကျန်မနေရအောင် ခုကတည်းက ကြိုတင်စဉ်းစားထား၊ လေ့လာထားဖို့ လိုတယ်နော်"

"ဆရာရေ နောင်ဆယ်စုနှစ် အနည်းငယ်ဆိုတာကို မစောင့်နိုင်တော့တဲ့ ကျွန်တော်တို့လို ၇၀ နီးပါးတွေအတွက် ပြန်လည်မနုပျိုချင်နေပါစေ။ လက်ရှိကျန်းမာရေးကို ကျားကန်ပေးထားနိုင်ဖို့၊ ရောဂါတွေကို ကာကွယ်နိုင်ဖို့၊ ရောဂါနစဉ် ပျောက်ကင်းနိုင်ဖို့၊ဒီနေ့ကိစ္စ ဒီနေ့ ဖြေရှင်းနိုင်ဖို့ ဆွေးနွေးပေးပါဦးဆရာ"

"ဟုတ်ကဲ့ ဦးလေးချော၊ အနာဂတ်ကို ပိုင်စိုးမယ့် ယနေ့ လူငယ်တွေအတွက် အရေးကြီးတာလေးတွေ တစ်ပိုင်းတစ်စပါသွားတာပါ။ လက်ရှိကျန်းမာရေးကို ကျားကန်ပြီး ဇရာကို တတ်နိုင်သရွေ့ တားနိုင်အောင်ကတော့–

(၁) နေ့စဉ်ပုံမှန် သင့်လျော်သော၊ မမောပန်းစေသော လေ့ကျင့်ခန်းလုပ်ပါ၊

(၂) စိတ်ဖိစီးမှုကို လျှော့ချနိုင်သောနည်းတစ်ခုဖြစ်တဲ့ တရားစီးဖျန်း ကမ္မဋ္ဌာန်းထိုင်ခြင်းကို နေ့စဉ် အချိန်မှန် တစ်နာရီလုပ်ပါ၊

(၃) အရက်၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ပြီး ညစဉ်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းက နုပျိုခြင်းကို အထောက်အကူပြုပါတယ်။ တစ်ည ခုနစ်နာရီခန့် အိပ်စက်အနားယူပါ၊

(၄) ကလေးငယ်များကို ချစ်ခင်၊ ပြုစု၊ ယုယပြီး အဖော်လုပ်ပါ။ ကလေးငယ်မရှိလျှင် အိမ်မှာ မွေးထားသည့် ခွေး၊ ကြောင်ကလေးများ၊ ငှက်ကလေးများကို အစာကျွေးခြင်းများ ပြုလုပ်ပါ။ စိတ်၏နွမ်းနယ်မှုကို အထူးပြေပျောက်စေပါတယ်၊

(၅) မိတ်ဆွေများကို ချစ်ခင်လေးစားစွာ ပြောဆိုဆက်ဆံနေထိုင်ပါ။ သူတို့ရဲ့ အခက်အခဲများကို ကိုယ်၊နှုတ်၊နှလုံးသုံးပါးစလုံးဖြင့် တတ်နိုင်သမျှ ကူညီပါ။ အပေါင်းအသင်းများ၏ အားပေးကူညီစောင့်ရှောက်မှုကြောင့် မိမိမှာလည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့စေပါတယ်၊

(၆) တစ်ကိုယ်တည်းမနေပါနဲ့။ ဘာသိဘာသာမနေပါနဲ့။ အကြောင်းအရာ အဖြစ်အပျက်များကို မေတ္တာစိတ်ဖြင့်ယှဉ်၍ မြင်ကြည့်၊ တွေးကြည့်ပါ။ယင်းကို(Emotional quotient) မြင်တယ်လို့ခေါ်ပါတယ်၊

(၇) Antioxident များများပါသော ဟင်းသီးဟင်းရွက်နှင့် အစားအစာကိုများများစားပေးပါ။ ဆေးများလည်းရှိပါတယ်။ ထိုဆေးများကိုလည်း နေ့စဉ်မှီဝဲစားသုံးနိုင်ပါတယ်။ စားသုံးသင့်ပါတယ်"

"ဒါထက်ဆရာရေ၊ အဲဒီအမ်တီအောက်စီဒန့်ပါတဲ့ဆေးက ဘာရောဂါတွေကို ပျောက်စေတာပါလဲ"

"ဇဖပါးရောဂါကို ပျောက်တယ်ဆိုရမလားပဲ။ လူနာတွေရဲ့ တုံ့ပြန်မှုစကားသံတွေကို မှတ်တမ်းပြုထားတာထဲကအချို့ကို ကောက်နုတ်ပြီး ဖတ်ပြပါမယ်"

(၁) ကျွန်တော့်မှာ ပန်းနာရှိပါတယ်။ အရေပြားယားယံတဲ့ရောဂါနဲ့၊ လက်တွေက ကွဲအက်ပြီး သားနံ့ရည်တွေ ထွက်နေတာ၊ နှစ်ပတ်ကြာ ဆေးစားရုံနဲ့ လက်တွေ အကောင်းအတိုင်း ပြန်ဖြစ်လာပါတယ်။

(၂) ကျွန်တော် လွန်ခဲ့တဲ့ ၁၆နှစ်ကတည်းက Multiple selerosis ရောဂါသည်အဖြစ် သတ်မှတ်ခံရပါတယ်။ ခြေထောက်နဲ့ တင်ပါးခွက်ထဲမှာ အမြဲထုံနာကျင်နာခံစားနေရပါတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ပါဘူး။ အခြားဆေးတွေ သောက်တာ မသက်သာပါဘူး၊ ဒီဆေးတစ်လလောက် သောက်တာနဲ့ ပုံမှန် ပြန်လည်လှုပ်ရှားနိုင်ပါပြီ။

(၃) ညညအိပ်မရအောင် ကျွန်တော့်ခြေထောက်တွေ ဆတ်ခနဲခဏခဏ တုန်တတ်ပါတယ်။ အာရုံကြောအထူးကုဆရာဝန်က ဒီဆေးသောက်ခိုင်းတာ တစ်လမပြည့်ခင်မှာ ကောင်းကောင်းမွန်မွန် အိပ်လို့ရသွားပါတယ်။ Glavocoma ရေတိမ် ဖြစ်လို့ မျက်စိဆရာဝန်သွားပြနေတာ အဲဒါပါ ပျောက်သွားတယ်။ ဆရာဝန်က မျက်လုံး ဖိအားတိုင်းကြည့်တော့ ပုံမှန် ဖြစ်သွားပြီလို့ ပြောပါတယ်။

(၄) ကျွန်တော်လေးဘက်နာခံစားနေရတာ ၁၅နှစ်ရှိခဲ့ပါပြီ၊ လက်တွေဆိုရင် ကွေးကောက်ပြီး ပုံပျက် လာပါတယ်။ Prednisolone၊ Methotrexate နဲ့ Salycilate+tagament ဆေးတွေသုံးနေတဲ့ကြားက နာမြဲနာပြီး ချည့်လာပါတယ်။ ဒီဆေးသောက်ပြီး တစ်လအကြာမှာ အကိုက်အခဲတွေ လုံးလုံးပျောက်သွားပါတယ်။ လက်တွေလည်း ကွေးဆန့်လို့ရလာပြီး ၁၀နှစ်ကျော်မသန်မစွမ်းဘဝက အခုကတ်ကြေးတောင် သုံးနိုင်ပြီး တခြားဆေးတွေလည်း လျှော့လို့ ရသွားပါပြီ။

(၅) ကျွန်မ ဒီဆေးစသုံးတာ သူ့ရဲ့ရောဂါကာကွယ်ရေး အစွမ်းတွေကြောင့်ပါ။ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပဲ လုပ်ဖော်ကိုင်ဖက်တွေက မေးလာကြပါတယ်။ ကျွန်မ အသားအရေလှအောင် ဘာဆေးတွေများ သုံးစွဲသလဲပေါ့ရှင်။ အသားအရေက တင်းတင်းရင်းရင်းနဲ့ နုပျိုလာသတဲ့လေ။

(၆) ကျွန်တော့်မှာ ဆီးချိုရောဂါ ရှိပါတယ်။ ခြေထောက်တွေမှာ သွေးလှည့်ပတ်မှု မကောင်းတော့လို့ ခြေချင်းဝတ်နှစ်ဖက်လုံးမှာ (spida veins) သွေးပြန်ကြောတွေ ပေါ်လာပြီး ခြေဖဝါးတွေ ထုံကျဉ်အေးစက်လာပါတယ်။ ဒီဆေးစားပြီး ကတည်းက တဖြည်းဖြည်း ထုံကျဉ်တာတွေ ပျောက်ပြီး သုံးနှစ်အေးလာတဲ့ ခြေထောက်တွေပြန်နွေးလာပြီး ဆီးချိုဆေးကိုလည်း ခါတိုင်း သောက်နေကျထက် တစ်ဝက် လျှော့သောက်လို့ရနေပါပြီ။

(၇) ညညဆိုရင် တစ်နာရီ တစ်ခါလောက် ကျွန်တော် ရေချိုးခန်းပြေးရတယ်။ ဒီဆေးသုံးပြီး တစ်ပတ်အတွင်းမှာပဲ ညညထရတဲ့ကိစ္စ သိသိသာသာ လျော့သွားပါတယ်။ ကျွန်တော့်ကို ကုသပေးနေတဲ့ ဆရာဝန်ဆီပြန်ပြပြီး အစစ်ခံတော့ ကျွန်တော့် ဆီးကျိတ် နဂိုအရွယ် ပြန်ဖြစ်သွားပြီတဲ့"

"ဟုတ်ရဲ့လား ဆရာ၊ ကျွန်တော်လည်း ဒီလိုပဲ တစ်ညလေးငါးခါလောက် ထရပါတယ်။ ဆီးသွားတော့လည်းကြာတယ်။ အားမရဘူး။ ဆီးချိုစစ်ကြည့်တော့လည်း မရှိဘူး၊ ကျွန်တော်နဲ့သင့်မလား၊ ညွှန်းပေးပါဦးဆရာရယ်"

"သင့်ပါတယ် ဦးလေးချောရဲ့၊ ဦးလေးတို့အရွယ်မှာ BPH လို့ခေါ်တဲ့ ဆီးကျိတ်ကြီးလေ့ရှိတတ်ကြပါတယ်။ ဆေးကို တမင်ဝယ်စားစရာမလိုပါဘူး။ ဦးလေးဈေးက ဝယ်လာတဲ့ ဟောဒီ စားစရာတွေထဲမှာ Antioxident တွေ အများကြီးပါပါတယ်။ ဆေးတွေကလည်း အဲဒီ အသီးအရွက်အပွင့်တွေ၊ အစေ့တွေက ထုတ်ထားတာခင်ဗျ။ အထူးသဖြင့်တော့ ဖရုံသီးကို နှပ်စား၊ ဖရုံစေ့ကိုလှော်စား၊ ရက်ဆက် စားကြည့်ပါ။ နှစ်ပတ်လောက်ပေါ့ ဦးလေးရဲ့၊ ညတိုင်း ခဏခဏထရတဲ့ကိစ္စအဆင်ပြေသွားပါလိမ့်မယ်"

"ဟန်ကျလိုက်လေဗျာ၊ အခြား ဘယ်အသီးအရွက်၊ ဘယ်အပွင့်၊ ဘယ်အစေ့တွေထဲမှာ အဲဒီအမ်တီအောက်စီဒန့်ဓာတ်တွေများများပါသေးလဲဆရာ"

"ဟုတ်ကဲ့၊ နောက်နေ့မှ ထပ်ဆွေးနွေးပေးပါ့မယ် ဦးလေးချော။ အခုတော့ ၉ နာရီထိုးခါနီးပြီမို့ ရုံးသွားဖို့ ပြင်လိုက်ပါရစေဦး"။ ။

ဆေးလိပ်သောက်ခြင်း၊ အရက်များများသောက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိတ်သောက ဖိစီးခြင်းစတဲ့ လောင်စာတွေကို မီးဖိုလေးထဲ ထည့်ပေးလိုက်ရင် မီးပွားက မီးတောက် ဖြစ်လာပြီး ခေါင်အထိတက်လောင်တတ်ပါတယ်။ မီးလောင်ရာလေပင့်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်သဘောမျိုးပေါ့။ မဖြစ်စလောက် လောင်ကျွမ်း ခြင်းကနေ ရောဂါဆိုတဲ့အဆင့်ထိ ရောက်သွားတတ်တဲ့သဘောပါ။ မီးဖိုပတ်လည်မှာ သံပြား၊ သွပ်ပြား ကာရံထားရင် အဲဒီ မီးပွားတွေ၊ မီးညွှန့်တွေက သံပြား၊ သွပ်ပြားနဲ့ တွေ့တဲ့အခါ ဆက်မလောင်ကျွမ်းနိုင်ဘဲ ငြိမ်းသွားတယ်လေ။

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်စောထွန်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်၊ ဆောက်လုပ်မှု စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးအောင်ဝင်း၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊လမ်း/တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီးများနှင့် တာဝန်ခံ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းတည်ဆောက်ရေး စီမံကိန်းများမှ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးကလိုအပ်သည်များကို ပြန်လည်သုံးသပ်ဖြည့်ဆည်း ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အသင်းထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ရက်မှ ၂၇ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှ အသင်းလိုက် တံခွန်စိုက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ထွက်ခွာသွားသည်။**(အပေါ်ပုံ)**

မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်း၌ အုပ်ချုပ်သူအဖြစ် ဦးရေထက်ဒိုးနှင့် နည်းပြဆရာအဖြစ် Professional Golfer ဦးချမ်းဟန်တို့က ဆောင်ရွက်ပြီး အပျော်တမ်းလက်ရွေးစင်များအဖြစ် မျိုးမင်းအောင်၊ ဇော်ဇင်ဝင်း၊ သိန်းဇော်မြင့်နှင့် အောင်အောင်ကျော်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကိုးပါးသီလ ချီးမြှင့်တော်မူမည်

ရန်ကုန် ဩဂုတ် ၂၁

၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၈ရက် ဩဂုတ် ၂၃ရက်(တနင်္လာနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တပ်နယ် တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလှုပ်ရှားမှုအခမ်းအနားသို့ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့် တက်ရောက်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တပ်နယ် တပ်မတော်မှတ်တမ်းရုံး သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တပ်နယ် တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၈နာရီက တပ်မတော် မှတ်တမ်းရုံး တပ်တွင်းဓမ္မာရုံရှေ့မဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တပ်နယ်မှူး၊ အမှတ်(၂) စစ်ဒေသမှူး၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်သီသီအေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ စုစုပေါင်းအင်အား ၅၄၈ဦး တက်ရောက်ကြသည်။

လက်တွေ့ပြသ

ရှေးဦးစွာ အခမ်းအနားမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်နှင့် ပိုးလောက်လမ်းများအား ပိုးသတ်ဆေးဖျန်း၍ ကြိုတင်ကာကွယ်ရခြင်းကို ရှင်းလင်း ပြောကြားပြီး ဆေးရည်ရောစပ်မှုနှင့် ပက်ဖျန်းမှုကို လက်တွေ့ပြသကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တက်ရောက်လာကြသူများက တပ်တွင်း အိမ်ထောင်သည်ရိပ်သာအတွင်း ရေမြောင်းများ ဆယ်တင်ခြင်း၊ ပိုးသတ်ဆေး ပက်ဖျန်းခြင်းလုပ်ငန်းများကို တပျော်တပါးစုပေါင်းဆောင်ရွက်ကြပြီး ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၈–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	**ဆရာတော်ဦးဇောတိကတရားတော် "(၆၂)ပါးသောမိစ္ဆာဒိဋ္ဌိများ"**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Transformation of Variable (စီးပွားရေး)**
၅:၀၀	၆။	အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	နိုင်ငံတကာသတင်း
၆:၂၀	၉။	မိုးလေဝသသတင်း
၆:၂၅	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၁။	မြန်မာ့ရှုခင်း
၆:၄၀	၁၂။	လှျပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း–၂၈)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	လှျပ်တစ်ပြက်ရိုက်ချက်
	၁၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	**English Premier League** ဘောလုံးပွဲ **-Arsenal Vs Middlesbrough**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံး ဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲ ခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ကျွန်းစုမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှု စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၇ ရက် နံနက် ၉နာရီခွဲက ကျွန်းစုမြို့၊ ကျွန်းရတနာခန်းမ၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနှင့် တိုင်းကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိသည့် ကျွန်းစုမြို့နယ်ရှိ ပြည်သူများအား အခမဲ့ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးကုသပေး

အဆိုပါ ဆောင်ရွက်မှုတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံ ခေတ္တဆေးရုံအုပ်ကြီး နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာ ငွေနိုင်နှင့် သမားတော်ကြီးများ၊ ပါရဂူများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများသည် ကျွန်းစုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများအား နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား တနင်္သာရီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် ဆေးရုံတက်၍အခမဲ့ ဆေးကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းပတ်လမ်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူးသည် ကျွန်းစုမြို့နယ်၊ သတန်ကျွန်းမကြီး၏ ကျွန်းပတ်လမ်း ဖောက်လုပ်ထားရှိမှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ကျွန်းပတ်လမ်းမှာ အရှည် ၅၂ မိုင်ခန့်ရှိပြီး ကတ္တရာလမ်း(၁၆)မိုင်၊ ကျောက်ခင်းလမ်း (၅/၂)မိုင်၊ မြေသားလမ်း(၂၃/၃)မိုင် စုစုပေါင်း(၄၄/၅)မိုင်အား ဖောက်လုပ်ပြီးဖြစ်၍ ကျန်ရှိသော (၇/၃)မိုင်ခန့်အား ဆက်လက်ဖောက်လုပ်လျက်ရှိကြောင်းနှင့် ကျွန်းပတ်လမ်းအား တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် တနင်္သာရီရေတပ်စခန်းဌာနချုပ်နှင့်ဒေသခံပြည်သူများ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

မြိုင်မြို့နယ် အိုးဘိုကျေးရွာ စက်ရေတွင်းဖွင့် ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာရရှိ

ရန်ကုန် ဩဂုတ် ၂၁

မကွေးတိုင်း မြိုင်မြို့နယ် အိုးဘိုကျေးရွာတွင် မြိုင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လေးလက်မ စက်ရေတွင်းသစ်ဖွင့်ပွဲကို အဆိုပါ ကျေးရွာ၌ ဇူလိုင်၂၄ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စက်ရေတွင်းအလှူရှင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သောဘဏ (နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ငွေဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ပြည်သူများဝမ်းသာ

အိုးဘိုကျေးရွာ စက်ရေတွင်းမှာ လေးလက်မတွင်းနက်အမျိုးအစား စက်ရေတွင်းဖြစ်ပြီး အနက်ပေ ၅၂၀ထိ တူးဖော်ခဲ့ရာ တစ်နာရီရေဂါလန် ၂၀၀၀ ထွက်ရှိသည်။ အိုးဘိုကျေးရွာရှိ အိမ်ထောင်စု ၂၇၃ အိမ်၊ လူဦးရေ ၁၂၁၂ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်၍ ကျေးရွာနေပြည်သူအားလုံး ဝမ်းသာလျက် ရှိကြသည်။

ဆောင်ရွက်သွားမည်

မြိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့်၂၀၀၃-၂၀၀၄ ခုနှစ်ထိ ရေခက်ခဲသောကျေးရွာပေါင်း ၂၂ ရွာ ရေရရှိရေးဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းလျာထားချက်အရ ဆောင်ရွက်ရန်ကျန် ၂၆ ရွာကို ယခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ (က-ပ)

ဒုတိယရွှေနေချုပ် ဒေါက်တာထွန်းရှင် ဥပဒေရုံးများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

ဒုတိယရွှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဒေါပုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မင်္ဂလာဒုံမြို့နယ်များသို့ သွားရောက်၍ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများအား တွေ့ဆုံပြီး ဥပဒေရေးရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဒုတိယရွှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဥပဒေရုံးများရှိ ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ကြရေး၊ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများအတိုင်း အမှုများကိုတိကျစွာ လိုက်ပါဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဝိပဿနာတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၁

ဂျပန်နိုင်ငံ တိုကျိုမြို့ ဂေါတမီဝိဟာရတွင် ဩဂုတ်လ ၂၈ ရက် (စနေနေ့) မွန်းလွဲ၂နာရီမှစ၍ ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ ရိပ်သာ ဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄/၂၀၀၄) ဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ရုံးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၄/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက်နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ဌာနချုပ်နှင့် ပြည်နယ်/တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

လုပ်ငန်းကျွမ်းကျင်မှု

အဆိုပါ ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၄/၂၀၀၄)သို့ သင်တန်းသား ၃၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

သမဝါယမဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပခုက္ကူမြို့ အားကစားခန်းမ၌ စက်တင်ဘာ ၈ရက်မှ ၁၂ ရက်ထိ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားကွင်း၌ စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်ထိ လည်းကောင်း၊ မကွေးမြို့ ခရိုင်အားကစားကွင်း၌ စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်ထိ လည်းကောင်း၊ အောင်လံမြို့ ကျောင်းအားကစားကွင်း၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်ထိ လည်းကောင်း နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အထူးနှုန်း

အဆိုပါ သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး Scorpion C Plus အားဖြည့်အချိုရည်များနှင့် အသစ်ထပ်မံ ထုတ်လုပ်လိုက်သော Scorpion C Plus Orange အချိုရည်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ သမဝါယမ အသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြပွဲလာပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်သည်။

ဆက်သွယ်နိုင်

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ)-၃၉၄၊ ၄၀၈၊ ရုံးချိန်ပြင်ပ ၆၃၅၂၆၄သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၏ ပထမအကြိမ် စာပေဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် မွန်းလွဲ၁နာရီတွင် တက္ကသိုလ်စာသင်ခန်းမ(၁)၌ ကျင်းပရာ ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။ အဆိုပါဟောပြောပွဲတွင် "ဘဝ၏ရတနာအချို့"ခေါင်းစဉ်ကို စာရေးဆရာချစ်နိုင် (စိတ်ပညာ)က လည်းကောင်း၊ "အဆိပ်"ခေါင်းစဉ်ကို မစန္ဒာကလည်းကောင်း "ရသနှင့်စာပေ" ခေါင်းစဉ်ကို လယ်တွင်းသားစောချစ်ကလည်းကောင်း တက်ရောက်ဟောပြောကြသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးသည် ကော့သောင်းစည်ပင်အမှုဆောင် အရာရှိ ဦးမြင့်ဇော်၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ဇူလိုင်၂၄ရက်က ကော့သောင်းမြို့ ၅၅၅ တောင် အတက်လမ်းဘေး ဝဲယာ ရေမြောင်းကျောက်စီခြင်းလုပ်ငန်းကို စစ်ဆေးစဉ်။

(က-ပ)

စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၁

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် သတင်းအရ လားရှိုးမြို့၊ မိုင်းတင်းကျေးရွာအုပ်စု၊ ပိန်းလောင်းကျေးရွာနေ ထွန်းဆာ၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရာဖွေရာ ဒဗလျူဝိုင်စာတန်းပါစိတ်ကြွရူးသွပ် ဆေးပြား ၁၀၈၁၀ ဖမ်းဆီးရမိခဲ့သည်။ ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ လားရှိုးမြို့ မိုင်းတင်းကျေးရွာအုပ်စု၊ပိန်းလောင်းကျေးရွာနေ ဦးလုံးစိန်၏သား ထွန်းဆာအား လားရှိုးမြို့ အမှတ်(၂) ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၁၇/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)

၂၀၀၄–၂၀၀၅ခုနှစ် ပရီမီယာလိဂ် ပွဲစဉ်(၃)

ဂမ်ဆိုင်း

အမှတ်ရသလောက်ယူကြမည့် ပရီမီယာလိဂ်ထိပ်သီးအသင်းများ

ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ် ၂၅၊ ၂၆ ရက်များတွင် ကစားကြမည်။ ပွဲစဉ်(၃)၏ လီဗာပူး–ပို့စ်မောက်၊ မန်ယူ–အဲဗာတန်တို့ပွဲများ ရှိလိမ့်မည် မဟုတ်ပေ။ လီဗာပူးနှင့် မန်ယူတို့သည် ချန်ပီယံလိဂ်ခြေစစ်ပွဲ ကစားရမည်ဖြစ်သောကြောင့် ၎င်းတို့ကစားမည့်ပွဲစဉ်များကို ရက်ရွှေ့လိုက်ခြင်းဖြစ်သည်။

ပွဲစဉ်(၃)သည် ပွဲစဉ်(၂)ကစားပြီး နှစ်ရက်အကြာတွင် ကစားရမည်ဖြစ်သောကြောင့် အသင်းများသည် နားချိန်မရဘဲ ဆက်တိုက်ဆိုသလို ကစားကြရမည်။ ထို့ကြောင့် အသင်းများသည် ပွဲပန်းမှုကို ခံကြရလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အမှတ်ပေးပြိုင်ပွဲဖြစ်သောကြောင့် မိမိတို့ရည်မှန်းရာ လမ်းကြောင်းသို့ရောက်ရှိအောင် ကစားသွားမည်ဟု ယူဆရပေသည်။

ပရီမီယာလိဂ် မန်ချက်စတာယူနိုက်တက်နှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားသည့်ပွဲအပြီးတွင် ချယ်လ်ဆီး၏ နည်းပြသစ် မော်ရင်ဟို(ယာ)က မန်ယူနည်းပြ ဖာဂူဆန်(ဝဲ)အား နှုတ်ဆက်နေစဉ်။

ဩဂုတ် ၂၅ ရက် ဗုဒ္ဓဟူးနေ့ ပွဲစဉ်များ

ဘာမင်ဂမ်–မန်စီးတီး
မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီ

ယမန်နှစ်က အဆင့်(၁၀)ရထားသော ဘာမင်ဂမ်နှင့် အဆင့်(၁၆)ရထားသောမန်စီးတီးတို့ကစားမည်။ ဘာမင်ဂမ်ကွင်းတွင် ကစားမည်။

ဘာမင်ဂမ်သည် ယခုနှစ်တွင် ကစားသမားအင်အားကို ဖြည့်တင်းထားသောအသင်းဖြစ်သည်။ ယမန်နှစ်ကဆိုလျှင် ဘာမင်ဂမ်သည် အသင်းကြီးများကို သူတင်ကိုယ်တင် ခံကစားနိုင်ခဲ့သည်။ အထူးသဖြင့် သူ၏ဝိသေသသည်အိမ်ကွင်းကောင်းခြင်းဖြစ်သည်။ မန်စီးတီးမှာ ကစားသမားအားဖြည့်မှု အနည်းငယ်သာ ရှိသည်။ ယမန်နှစ်မှ လူဟောင်းများဖြင့် အသင်းကို ဆောက်တည်ထားသည်။ မန်စီးတီး၏ ခြေစွမ်းသည် ခန့်မှန်းရ ခက်သောအသင်းဖြစ်သည်။ ကောင်းလျှင် ကောင်းသည်။ ညံ့လျှင်လည်း ညံ့နေတတ်သည်။

အမှန်တကယ်ဆိုလျှင် နှစ်သင်းခြေရည်သည် မတိမ်းမယိမ်းရှိသည်။ ရှေ့ပွဲတွင် နှစ်သင်းစလုံး ပွဲကျပ်သည်။ ထို့ကြောင့် ယခုပွဲကို သရေလောက် ကစားသွားနိုင်သည်။ အိမ်ရှင်ဘာမင်ဂမ်ဘက်တွင် နိုင်ခြေရှိသည်။

ခရစ္စတယ်ပဲလေ့စ်–ချယ်လ်ဆီး
မြန်မာစံတော်ချိန် နံနက် ၁း၃၀ နာရီ

ပထမတန်းမှ တက်လာသော ခရစ္စတယ်ပဲလေ့စ်နှင့် ယမန်နှစ်အဆင့်(၂)ရထားသော ချယ်လ်ဆီးတို့ကစားကြမည်။ ခရစ္စတယ်ပဲလေ့စ်ကွင်း၌ ကစားကြမည်။

အတန်းတက်လာသော ခရစ္စတယ်ပဲလေ့စ်မှာ အင်ဒရူး ဂျွန်ဆင်၊ ဝိန်းရော့လက်ဒ်၊ ဆန်ဒါးတော်ဂယ်လီ စသော လူငယ်ဘောလုံးသမားများရှိသည်။ ချဲယ်ဆီးက လက်ရှိ အနေအထားမှာ အတော်အင်အားတောင့်လျက်ရှိသည်။ ကစားသမား ခုနစ်ယောက်ကို ထပ်မံအားဖြည့်ထားသည်။

ကစားအား၊ လူအား ခြေရည်ကြည့်လျှင် ချယ်လ်ဆီးက အဆမတန်သာလျက် ရှိသည်။ ခရစစ်တယ်ပဲလေ့စ်နှင့် ချယ်လ်ဆီးတို့ ၁၉၉၇–၉၈ က ဆုံဖူးသည်။ ချယ်လ်ဆီးက ဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ လောလောဆယ် အခြေအနေကြည့်လျှင် ချယ်လ်ဆီးက သာသည်။ အိမ်ရှင်ဖြစ်သော ခရစ္စတယ်ပဲလေ့စ်အနေဖြင့် အရင်ကလို ဂိုးမပြတ်အောင် ကြိုးစားရမည်။ ချယ်လ်ဆီးက ရှေ့ပွဲတွင် စိန့်နှင့်ကစားရမည်ဖြစ်သောကြောင့် သက်သောင့်သက်သာဖြစ်အောင် ကစားဖွယ်ရှိသည်။

ဩဂုတ် ၂၆ ရက် ကြာသပတေးနေ့ပွဲစဉ်များ

အာဆင်နယ်–ဘလက်ဘန်း
မြန်မာစံတော်ချိန် ၁း၁၅ နာရီ

လက်ရှိချန်ပီယံ အာဆင်နယ်နှင့်အဆင့်(၁၅) ဘလက်ဘန်းတို့ ကစားမည်။ အာဆင်နယ်ကွင်းတွင် ကစားမည်။

အထိုင်ကျနေသော အာဆင်နယ်ကို ဘလက်ဘန်း ယှဉ်ကစားဖို့ခက်လိမ့်မည်။ ပွဲဦးထွက် အာဆင်နယ် ကစားသွားသော ခြေရည်သည် ငြိမ်ပြီးကောင်းသည်။ ဝက်စ်ဘရွန်းနှင့်ပွဲအရ ဘလက်ဘန်း ခြေရည်ညံ့သည်။ သို့သော် ဘလက်ဘန်းသည် အသင်းကြီးများကို မထင်မှတ်သလို ဒုက္ခပေးတတ်သည်။

နှစ်သင်း ခြေရည်ကွာသည်။ အာဆင်နယ် ပိုကောင်းသည်။ ယမန်နှစ်က အာဆင်နယ်က ပထမအကျော့မှာ တစ်ဂိုး၊ ဂိုးမရှိ၊ ဒုတိယ အကျော့တွင် နှစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်သည်။ ၎င်းရလဒ်ကိုကြည့်လျှင် အာဆင်နယ်သည် ဘလက်ဘန်းနှင့်တွေ့တိုင်း အပြတ်မကစားသည်ကို မြင်ရသည်။ ထို့ကြောင့် အာဆင်နယ်သည် ပွတ်ကာသီကာ အနိုင်ကစားသွားဖွယ်ရှိသည်။

ဖူလ်ဟမ်–မစ်ဒယ်ဘရော့
မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီ

ယမန်နှစ် အဆင့်(၉)ရထားသောဖူလ်ဟမ်နှင့် အဆင့်(၁၁) မစ်ဒယ်ဘရော့တို့ ကစားမည်။ဖူလ်ဟမ်ကွင်း၌ကစားမည်။

နှစ်သင်းစလုံး ပွဲကျပ်များ ကစားခဲ့ရသောကြောင့် လန်းလန်းဆန်းဆန်း ရှိချင်မှရှိလိမ့်မည်။ ဖူလ်ဟမ်အနေနှင့် ကစားပုံပို၍ ကောင်းလာဖွယ်ရှိသည်။ အင်ဒီကိုးလ်လည်း အသင်းနှင့် အချိတ်အဆက်မိလာနိုင်သည်။ ဘိုရိုမှာ ယမန်နှစ်ခြေရည်အတိုင်းရှိနေသောကြောင့် ဖူလ်ဟမ်ကို ကောင်းစွာယှဉ်ကစားနိုင်သည်။ အားထားရသည့် ကစားသမားများ အပြည့်အစုံ ပါဝင်လာဖွယ်ရှိသည်။

ထို့ကြောင့် ၎င်းပွဲမှာ အကြိတ်အနယ် ရှိလိမ့်မည်။ ခြေစွမ်းရည်အရ နှစ်သင်းညီကြသည်။ ယမန်နှစ်က တစ်ပွဲစီ အပြန်အလှန်နိုင်ကြသည်။ ၃–၂၊ ၂–၁ ဖြစ်သည်။ ယခုပွဲတွင် အိမ်ရှင် အားသာချက်ကြောင့် ဖူလ်ဟမ် နိုင်ခြေရှိသည်။ သရေဖြစ်နိုင်ဖွယ်မရှိချေ။

ဆောက်သမ်တန်–ဘော်လတန်
မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီ

ယမန်နှစ် အဆင့်(၁၂)ရထားသောစိန့်နှင့်အဆင့် (၈) ရထားသော ဘော်လတန်နှင့်ကစားမည်။ စိန့်ကွင်းမှာ ကစားမည်။

စိန့်သည် အဖွင့်ပွဲမှာ ရှုံးခဲ့သော်လည်း ခြေရည်ကောင်းသည်။ ဘော်လတန်နှင့်ပွဲတွင် စိန့်အခြေအနေ ပိုကောင်းလာဖွယ်ရှိသည်။ ရှေ့တန်း၊ နောက်တန်းများ၏ အားပျော့ချက်ကို ပြုပြင်နိုင်လိမ့်မည်။ လက်ရှိအနေအထားတွင်

ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲဦး၌ ချယ်လ်ဆီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ချယ်လ်ဆီးမှ အီဒါး ဂူဂျွန်ဆင် (နံပါတ်–၂၂) အနိုင်ဂိုးသွင်းယူစဉ်။

ဘော်လတန် ခြေရည်ကောင်းနေသည်။ ကစားသမားစုဖွဲ့မှုသည် စိန့်ထက်ပိုမိုကောင်းသည်။ ထို့ကြောင့် ဘော်လတန်က စိန့်ထက် နှာတစ်ဖျားသာသည်။

အမှန်တကယ်တော့ နှစ်သင်းခြေရည်မှာ မတိမ်းမယိမ်းရှိသည်။ စိန့်က အိမ်ကွင်းဆိုလျှင် ခြေစွမ်းထက်သည်။ ဘော်လတန်က အဝေးကွင်းညံ့သည်။ ယမန်နှစ်က ဘော်လတန်က ပထမအကျော့၌ ၂၊၁ ဖြင့်နိုင်ပြီး ဒုတိယအကျော့တွင် ဂိုးမရှိ သရေကျသည်။ ယခုပွဲတွင် သရေနှင့်အနိုင်စိန့်ခြေထဲတွင်ရှိသည်။

ဝက်စ်ဘရွန်း–စပါး(စ်)
မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီ

ပထမတန်းမှ တက်လာသော ဝက်စ်ဘရွန်းနှင့် ယမန်နှစ် အဆင့် (၁၄) ရသော စပါးစ်တို့ကစားကြမည်။ ဝက်စ်ဘရွန်းကွင်း၌ ကစားမည်။

ပွဲဦးထွက်ခြေအရ ဝက်စ်ဘရွန်းသည် ခြေရည် သင့်သည်။ ပရီမီယာလိဂ် အလယ်အလတ် အသင်းများကို ယှဉ်ကစားနိုင်သောအသင်းဖြစ်သည်။ ယမန်နှစ် စပါးစ် ခြေရည်အရဆိုလျှင် ဝက်စ်ဘရွန်း ကောင်းစွာယှဉ် ကစားနိုင်သည်။ သို့သော် စပါး(စ်)သည် ယခုနှစ် လူအင်အား ထပ်ဖြည့်ထားသည်။ ပေါ်တို၊ လိဒ်စ်၊ ဖူလ်ဟမ် စသော အသင်းမှ ကစားသမားများ ပါဝင်သည်။ ထို့ကြောင့် ဝက်စ်ဘရွန်း ခက်ခက်ခဲခဲ ကစားရလိမ့်မည်။

လောလောဆယ် အနေအထားအရ စပါးစ်က ခြေသာလျက်ရှိသည်။ ၂၀၀၂–၂၀၀၃ ရာသီက စပါး(စ်)နှင့် ဝက်စ်ဘရွန်းတို့၏ ရလဒ်များမှာ ၃–၂၊ ၃–၁ ဖြစ်သည်။ စပါး(စ်)သာနိုင်သည်။ မည်သို့ပင်ဖြစ်စေ စပါး(စ်)အနေနှင့် အမှတ်ရနိုင်သော ပွဲဖြစ်၍ အနိုင်ရအောင် ကစားလိမ့်မည်။

ချာလ်တန်–ဗီလာ
မြန်မာစံတော်ချိန် နံနက် ၁း၃၀ နာရီ

ယမန်နှစ် အဆင့်(၇) ချာလ်တန်နှင့် အဆင့်(၆) ဗီလာတို့ ကစားကြမည်။ ချာလ်တန်ကွင်းတွင် ကစားမည်။

ပွဲဦးထွက်ရှုံးတတ်သော ချာလ်တန်သည်တဖြည်းဖြည်း ခြေရည် ကောင်းလာတတ်သည်။ ယမန်နှစ်ကလည်း နောက်ပိုင်းပွဲများမှ ကောင်းလာလေ့ရှိသည်။ အသစ်ဝယ်ယူထားသော ကစားသမားများနှင့် ချာလ်တန် အထိုင်မကျသေးဘဲရှိသည်။ ဗီလာနှင့်ပွဲတွင် ချာလ်တန် အချိတ်အဆက်မိလာနိုင်သည်။ ဖွေဆော်ဦး ဗီလာခြေအရ ချာလ်တန် ကြိုးစားကန်ယူရမည်။ စိန့်နှင့်ပွဲတွင် ဗီလာခြေရည် ကောင်းသည်။

နှစ်သင်းခြေရည် သိပ်မကွာသော်လည်း လောလောဆယ် အနေအထားအရ ဗီလာသာသည်။ ယမန်နှစ်က ဗီလာက နှစ်ပွဲစလုံး ၂၊၁ ဖြင့်ချည်းနိုင်ခဲ့သည်။ အိမ်ရှင် ချာလ်တန်အနေဖြင့် သရေလောက်ရလျှင် ကျေနပ်ဖွယ်ပင်ဖြစ်သည်။

နယူးကာဆယ်–နော့ဝစ်(ချ်)
မြန်မာစံတော်ချိန် နံနက် ၁း၃၀ နာရီ

ယမန်နှစ် အဆင့်(၅) နယူးကာဆယ်နှင့် ပထမတန်းမှ တက်လာသော နော့ဝစ်(ချ်)တို့ကစားကြမည်။

နယူးကာဆယ်မှာ အတွေ့အကြုံ ကြွယ်ဝသော ကစားသမားများ စုမိနေသည်။ ဖွင့်ပွဲခြေအရ နယူးကာဆယ် ခြေရည်ကောင်းသည်။ အချိတ်အဆက်မိမိ ကစားသွားနိုင်သည်။ နော့ဝစ်(ချ်)အသင်းအဖို့ ဒုတိယမြောက် ပွဲကျပ်ဖြစ်သည်။ ပွဲစဉ်(၂)တွင် မန်ယူနှင့်ကစားပြီး ယခုနယူးကာဆယ်နှင့် ဆက်ကစားရသည်။ ပွဲစဉ်(၄)တွင် အာဆင်နယ်နှင့် ထပ်တွေ့ဦးမည်။

လက်ရှိအခြေအနေအရ နယူးကာဆယ်က အိမ်ရှင်ဖြစ်၍ အားသာချက်ကောင်းသည်။ မည်သို့ပင်ဖြစ်စေ ညော့်သည်နော့ဝစ်(ချ်) သရေရအောင် ကစားနိုင်လျှင် ကျေနပ်ဖွယ်ကောင်းသည်။ ။

ပရီမီယာလိဂ် လီဗာပူးအသင်းမှ စပိန် ရီးယဲလ်မဒရစ်သို့ ပြောင်းရွှေ့သွားသူ တိုက်စစ်မှူး မိုက်ကယ် အိုဝင်။

ရီးယဲလ်မဒရစ်သို့ ရောက်ရှိလာသော လီဗာပူးတိုက်စစ်မှူး အိုဝင်

ရန်ကုန် ဩဂုတ် ၂၁

ပရီမီယာလိဂ်တွင် ခြေစွမ်းပျောက်နေသည်မှာ ကြာလာပြီဖြစ်သဖြင့် သူ့ပရိသတ်က သူ၏ခေတ် ကုန်တော့မည်လားဟု စိုးရိမ်လာကြရသည့် အင်္ဂလန်လက်ရွေးစင်နှင့် လီဗာပူးတိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသောထုံးကို နှလုံးမူ၍ ပရီမီယာလိဂ်မှ စပိန်လာလီဂါသို့ ကူးပြောင်းကာ ကမ္ဘာ့အကျော်အမော်တို့ စုဝေးရာ ရီးယဲလ်မဒရစ်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

စပိန်သို့ ပြောင်းရွှေ့

အင်္ဂလန်ပရီမီယာလိဂ်မှ ချယ်လ်ဆီးအသင်းသို့ ပြည်ပဘောလုံးသမားများ တစ်ဦးပြီးတစ်ဦး ဝင်လာနေချိန်တွင်မှ လီဗာပူးတိုက်စစ်မှူးလေးက စပိန်သို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

ရီးယဲလ်မဒရစ်က အိုဝင်ကို ပေါင်ရှစ်သန်းနှင့်အတူ အန်တိုနီယိုနူနက်စ်ကို အလိုက်ပေးကာ လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အပြိုင်ကြီးပမ်း

မိုက်ကယ်အိုဝင်သည် နှစ်ပေါင်းများစွာ လက်တွဲခဲ့သော လီဗာပူးကို ခွဲခွာပြီး စပိန် ရီးယဲလ်မဒရစ်အသင်းသစ်သို့ ကူးပြောင်းသွားခဲ့ရာ အိမ်ခံ ကမ္ဘာကျော်တိုက်စစ်မှူးများဖြစ်သည့် ရာဟူး၊ ရော်နယ်ဒို၊ မိုရီယံတက်စ်တို့နှင့် နေရာတစ်နေရာရရှိရေး အပြိုင်ကြိုးပမ်းရဦးမည်ဖြစ်သည်။

လီဗာပူးမှ မိုက်ကယ်အိုဝင် ပြောင်းသွားချိန်တွင် လီဗာပူးသို့ စပိန်နိုင်ငံ ရီးယဲလ်ဆိုစီဒက်ကလပ်မှ အသက်(၂၂)နှစ်အရွယ် အလွန်ဆိုနှင့် ဘာဆီလိုနာမှ အသက်(၂၆)နှစ်အရွယ်လူးဝစ်ဂါစီယာတို့ ပြောင်းရွှေ့ရန် ဆေးစစ်နေကြပြီဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အမှတ်(၃၁၉)၊ (၈)လမ်းတောင်ကြို့ကုန်းအရှေ့ အင်းစိန်မြို့နယ်နေ ဇနီးဒေါ်မိမိစိန်နှင့် သားသမီး မြေးတစ်စုတို့က ဇူလိုင် ၃ရက်တွင် ကွယ်လွန်သွားသော ဦးကျော်သိန်း (ကထိက–ငြိမ်း၊ ပိုင်အိုင်တီ) အား ရည်စူး၍ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိတွင်းထည့် မှန်ဘီလူး (အိုင်အိုအယ်လ်)အတွက် ငွေကျပ်တစ်သိန်းကို ဩဂုတ် ၁၅ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံစဉ်။ (က–ပ)

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် (၁၇)နှစ်အောက် ဘောလုံးပွဲ တာမွေမြို့နယ်အသင်းဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန် (အရှေ့ပိုင်း)ခရိုင် အားကစား ပိုင်း)ခရိုင် အားကစားနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား အသက် (၁၇) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အားကစားကွင်းတွင် ကျင်းပရာ ရန်ကုန် အရှေ့ပိုင်း ခရိုင်အတွင်းရှိ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး နောက်ဆုံးဗိုလ်လုပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် တာမွေမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာမွေမြို့နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန် အရှေ့ပိုင်း ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန် က အနိုင်ရ ဗိုလ်စွဲ သွားသော တာမွေမြို့နယ် အသင်း အား ဆုဖလား ချီးမြှင့် ကြောင်း သိရသည်။

(ဓာတ်ပုံ)

(ပြန်/ဆက်)

အုတ်ဖိုအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂၁

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၂၉ရက်နံနက်၁၀နာရီတွင် အသင်း တိုက်တည်ရာ အမှတ်(၅၅-L) ရန်ကုန် - အင်းစိန် လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ ကြွရောက်ပူဇော်နိုင်ပြီး ဒုတိယ ဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို ဖုန်း-၅၄၈၉၆၁၊ ၀၉-၈၀၃၂၈၃၄၊ ဒုတိယဗိုလ်မှူးကြီး သန်းထွေး (ငြိမ်း) ဖုန်း-၆၅၀၁၉၇နှင့် ဦးညိုမြင့်မောင် ဖုန်း-၇၂၇၉၅၃တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

Myanmar Japan e-Learning Center (MICT Park)
တွင် ဖွင့်လှစ်မည့်သင်တန်းများ

* Basic Applications With Internet
  - သင်တန်းကာလ (8Weeks) from 21 August 2004
  - သင်တန်းအချိန် (Sat & Sun) (1:00-5:00)
* Introduction to Internet
  - သင်တန်းကာလ (2Weeks) from 23 Aungust 2004
  - သင်တန်းအချိန် (Mon-Fri)(9:00-12:00)
* Hardware Installation & Maintenance(A+) Course
  - သင်တန်းကာလ (8 Weeks) from 21 August 2004
  - သင်တန်းအချိန် (Sat & Sun) (9:00-12:00)
* Database Programming Course
  - သင်တန်းကာလ (6Weeks) from 13 Sept 2004
  - သင်တန်းအချိန် (Mon-Fri) (12:00-3:00)
* Advanced Web Application Development Course
  - သင်တန်းကာလ (6Weeks) from 21August 2004
  - သင်တန်းအချိန် (Sat to Sun) (9:00-4:00)

ကိုယ်တိုင်ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

Myanmar Computer Federation (MCF)
Building (1), MICT Park Hlaing Campus, Yangon
Ph: 707503, 652307.

ကြက်ပေါင်းရည် အရောင်းဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၁

BRAND'S ကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်တို့အား မြန်မာနိုင်ငံ ဈေးကွက်အတွင်း အများဆုံးဝယ်ယူရောင်းချနိုင်သော အရောင်းဆိုင်များအား ရွှေဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက်ညနေက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပသည်။

ထိုအခမ်းအနားတွင် ပထမ Group Director ဒေါ်ညွန့်ညွန့်ခင်က ကြွရောက်လာသူတို့အား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး BRAND'S ကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်တို့၏ သမိုင်းကြောင်းကို (Cerebos Thailand) မှ Mr. Thanyachat Auttanulenune နှင့် ပထမ Group ၏ Business Development Manager ဒေါ်တင်တင်တို့က ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဘရင်းကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်တို့အား ရန်ကုန်မြို့ ဈေးကွက်တွင် အများဆုံးရောင်းချနိုင်သောဆိုင် စုစုပေါင်း၄၀အား ရွှေသားဆုချီးမြှင့်ပြီး **(အောက်ပုံ)** ကြွရောက်လာကြသည့် ဧည့်သည်တော်များအား ညနေစာဖြင့် ဧည့်ခံကျွေးမွေးသည်။ (က-ပ)



○ **မန်ယူမှ**

ပွဲကျမှ ဂိုးစတင် သွင်းယူနိုင်ခဲ့သည်။ ယမန်နှစ် ပရီမီယာလိဂ်ရာသီတွင် မန်ယူသို့ ပြင်သစ်လက်ရွေးစင် လူးဝစ်ဆာဟာနှင့် ယခု ပရီမီယာလိဂ် ရာသီအစ၌ အင်္ဂလန် လက်ရွေးစင် တိုက်စစ်မှူး အလန်စမစ်တို့ရောက်ရှိလာသဖြင့် ဒီဂိုဖော်လန်အဖို့ နေရာပျောက်ရသည့် ကိန်းဆိုက်ခဲ့ရသည်။

ထို့ကြောင့် အသက်(၂၅)နှစ်အရွယ် မန်ယူ တိုက်စစ်မှူး ဒီဂိုဖော်လန်အဖို့ သူ၏ အနာဂတ် အောင်မြင်မှုအတွက် မန်ယူ၏ အိုးလ်ထရက်ဖို့ဒ်ကို ကျောခိုင်းခဲ့ရခြင်း ဖြစ်ဖွယ်ရှိသည်။

(ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁-၈-၂၀၀၄)

<u>**ကော့သောင်း**</u>

၃ ဒသမ ၈၂ လက်မ

<u>**ဖျာပုံ**</u>

၂ ဒသမ ၃၆ လက်မ

<u>**ငါးသိုင်းချောင်း**</u>

၂ ဒသမ ၂၈ လက်မ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၃-အေ၊ မြေကွက် အမှတ်-၄-ခ၊ ဧရိယာ(၀ဒသမ၄၄၇)ဧကရှိ နှစ်၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၄၉)ဟု ခေါ်တွင်သော နေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်ခဲ့သူများဖြစ်ကြသည့် ဦးကျော်နီ၊ ဒေါ်ရင်မြင့်၊ ဒေါ်တာ၊ ဦးဘန်ကင်း တို့၏ အမွေခံများဖြစ်ကြသော ဦးကျော်ဝဏ္ဏ[၁၂/ဗဟန(နိုင်)၀၂၅၀၀၁]၊ ဦးနေမျိုးဝဏ္ဏ[၁၂/ဗဟန(နိုင်)၀၂၀၈၃၄]၊ ဒေါ်သူဇာမြင့်မောင် [BHN-၀၀၄၁၈၅]၊ ဒေါ်နီလာမြင့်မောင်[၁၂ဗဟန(နိုင်)၀၂၂၀၂၄]၊ ဒေါ်လှမြင့်[၁၂/လမတ(နိုင်)၀၁၁၄၂၉]၊ ဦးစိန်လွင် [၁၂/လမတ(နိုင်)၀၁၁၄၂၈]၊ မဝင်းပပလှိုင်[၁၂/ဗဟန(နိုင်)၀၈၄၈၅၆] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှအပြီးအပိုင် ဝယ်ယူရန်မြေနှင့်အိမ်တို့၏ ရောင်းဖိုးငွေများအနက်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ မြေနှင့် အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ၇ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်မြင့်(မြိတ်)	**ဦးထွန်းသာမောင်**	**သင်းကြူစိုး**
(B.A,LL.B)	**(LL.B)**	**(LLB.,LL.M)**

တရားရုံးချုပ်ရှေ့နေများ
အမှတ်(၅၅)၊အခန်း(၂၃)၊တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၃၇၂၈၀၄၊ ၇၂၅၇၉၀၊၇၂၆၀၄၀၊ ၀၉-၅၀-၀၈၄၄၅
E-mail: zm-myeik @Myanmar. com. mm

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ သဲကုန်းမြို့ အမှတ်(၄)ရပ်ကွက်နှင့် ရွှေကို့ပင်ကျေးရွာလမ်း ဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကြင်ရွှေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးတစ်ဧက တင်းတစ်ရာ ထွက်ရှိရေး ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပွဲ ကျင်းပ

အင်းတော် သြဂုတ် ၁၅

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မိုးစပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေးကို ဦးတည်လျက် ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပွဲကို သြဂုတ် ၈ ရက် နံနက်ပိုင်းက အင်းတော်မြို့နယ် စီးမော်အုပ်စုဥက္ကဋ္ဌ ဦးခင်မောင်၏ လယ်မြေတွင် ကျင်းပသည်။

တက်ရောက်

အဆိုပါ ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပွဲသို့ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး ဌေးညွန့်၊ အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးတို့ တက်ရောက်အားပေးကြည့်ရှုသည်။

ရွက်ဖျန်း မြေသြဇာများပက်ဖျန်းပွဲတွင် မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ ဒုကြီးကြပ်ရေးမှူး ဦးကျော်မြင့်၊ မောင်လူးစခန်းတာဝန်ခံ ဦးသိန်းဌေးနှင့် ဝန်ထမ်းများက စီးမော်အုပ်စု ကွင်းအမှတ် (၅၆၉) ဦးပိုင်အမှတ်(၂၄) ဦးခင်မောင်၏ မော်ဘီ-၁ နှင့် ဆင်းကေရီ-၃ လယ်မြေ ၄ ဒသမ ၁၅ ဧကအပေါ်တွင် ဇီဝစူပါနှင့် ဟာကြူလီ ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပေးကြရာ ရပ်ကွက်အဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အင်းတော်မြို့နယ်တွင် မိုးစပါး ၄၂၇၇၉ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ သြဂုတ် ၈ ရက်ထိ ၃၈၉၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

အခြေခံပညာ အလယ်တန်းကျောင်းဖွင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

နွားထိုးကြီး သြဂုတ် ၆

နွားထိုးကြီးမြို့နယ် ကြောင်နံ့ကျေးရွာအုပ်စု မင်းရွာအခြေခံပညာ အလယ်တန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ပညာရေးမှူး ဒေါ်သန်းရီထံ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က သိန်း ၃၀ ကျပ်တန် ပညာတံခွန်(၁) ကျောင်းဆောင်နှင့် ကျပ်သိန်း ၄၀ တန် ပညာတံခွန်(၂) ကျောင်းဆောင်တို့ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝေထံ အလှူရှင် ဒေါ်တင်နှင့် သား၊ သမီး၊ မြေး၊ မြစ်များက ကျောင်း၊ ရုံးခန်းသုံးပရိဘောဂပစ္စည်းများ၊ ပေးအပ်လှူဒါန်းကြပြီး အလှူရှင် ၁၉ ဦးတို့က အလှူငွေကျပ် ၂၁၆၅၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးငြိမ်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ **(၉၄)**

နှစ်အလိုက် ကော်ဖီတိုးချဲ့စိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

နောင်ချို သြဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် နှစ်စဉ်အလိုက် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်မီစွာ စိုက်ပျိုးရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အားမာန် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်က ဒေသခံ တောင်သူဦးကြီး ကော်ဖီစိုက်ပျိုးကြသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ယခုနှစ် ကော်ဖီစိုက်ပျိုးချိန်မှစ၍ နှစ်စဉ်အလိုက် သတ်မှတ်လျာထားသည့် ဧကအတိုင်း ပြည့်မီစွာ စိုက်ပျိုးကြစေရေးနှင့် မိမိတို့ အိမ်ခြံဝင်းအတွင်း ကော်ဖီပင်များ စိုက်ပျိုးနိုင်ရေး စသည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့ကော်ဖီလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး၊ တာဝန်ခံမန်နေဂျာများက ကော်ဖီပျိုးထောင်ထားရှိမှု၊ ရာသီအချိန်မီ စိုက်ပျိုးမည့်အစီအစဉ်၊ သာမန်စိုက်စရိတ် ချေးငွေနှင့် လုပ်ငန်းရှင်များအတွက် သီးခြားချေးငွေကိစ္စအရပ်ရပ်တို့ကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။ (၂၄၂)

မြို့နယ်သတင်းများ

ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အခမဲ့နယ်လှည့်ဆေးကုသရေးလုပ်ငန်းကို ကျိုက်လတ်မြို့နယ် ထားဝယ်မှိုင်း ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဆရာဝန်ကြီးနှင့် သွားဘက်ဆိုင်ရာဆရာဝန်တို့က လူနာ ၂၆၁ ဦးတို့အား သြဂုတ် ၈ ရက်က အခမဲ့ဆေးဝါးကုသပေးကြစဉ်။ (က-ပ)

အမှတ်(၁) စက္ကူစက်၌ ဆွမ်းလောင်းလှူပွဲကျင်းပ

စစ်တောင်း သြဂုတ် ၁၄

စစ်တောင်းအမှတ် (၁) စက္ကူစက်ရုံ စက်ရုံမှူး ဗိုလ်မှူး ပိုက်ထွေး ဦးစီး၍ နဝရတ်ရပ်ကွက် ဝန်ထမ်းများနှင့် သိမ်ဇရပ်ကျေးရွာအတွင်းရှိ စေတနာရှင်များ စုပေါင်း၍ သိမ်ဇရပ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်းတွင် ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသည့် သံဃာတော် အရှင်သူမြတ်တို့အား (၁၆)ကြိမ်မြောက် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူခြင်းကို သြဂုတ် ၈ ရက် (တနင်္ဂနွေနေ့)က နဝရတ်ရပ်ကွက် ဓမ္မဝေပုလ္လသာသနာ့ဗိမ္မာန်တော်ကြီး၌ ကျင်းပရာ ဆရာတော် ၁၈ ပါးနှင့် သံဃာတော် အရှင်သူမြတ် ၄၄၈ ပါး ကြွရောက်တော်မူကြသည်။ **(၃၄၅)**

ပခုက္ကူဦးအုံးဖေ လှူဒါန်းသည့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၁၅၆၀၀၀ ပေးအပ်ပွဲကို သြဂုတ် ၁ ရက်က ပခုက္ကူမြို့ အလက(၃)တွင် ကျင်းပရာ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးမြင့်သို့ ပေးအပ်စဉ်။ (၁၉၉)

မိသားစုကျန်းမာရေး စောင့်ရှောက်မှု သင်တန်းဖွင့်

တာချီလိတ် သြဂုတ် ၁၅

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ အိမ်တွင်းမှု သင်တန်းကျောင်းခန်းမတွင် သြဂုတ် ၅ရက် နံနက် ၈နာရီခွဲက တာချီလိတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့က ကြီးမှူး၍ "တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်း" ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဟောပြော

အဆိုပါအခမ်းအနားတွင် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှ မြို့နယ်ဦးစီးမှူး ဆရာမြကတိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချသည်။ **(ခရိုင်ပြန်/ဆက်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ရှမ်းချောင်းလေး-ရွာသစ်ကျေးရွာ ချင်းဆက်လမ်း ဖောက်လုပ်မှု လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းကို ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အဖွဲ့ပိုင် ရေတွင်းတူးစက်ဖြင့် ပင်လယ်ကျေးရွာ၌ လေးလက်မစက်ရေတွင်းတူးဖော်နေမှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးအောင်ချင်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးအောင်နိုင်ဝင်းတို့ သြဂုတ် ၆ရက်က ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါ၌ စာကြည့်တိုက်များဖွင့်လှစ်ရေး ဆွေးနွေး

သီပေါ သြဂုတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆက်လက် ဖွင့်လှစ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို သြဂုတ် ၅ ရက်က မြို့နယ်ပြန်/ဆက်ဦးစီးဌာနရုံး၌ ကျင်းပပြီး စာအုပ်နှင့် အလှူငွေ လှူဒါန်းပွဲကို ကျင်းပသည်။

ထို့နောက် တောင်မြို့ရပ်နေ ဦးဝင်းမောင်-ဒေါ်သီတာ မိသားစုက ငွေကျပ်နှစ်သောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းက ငွေကျပ်တစ်သောင်း၊ ရွှေပြည်အေး ရပ်ရှင်ရုံပိုင်ရှင် ကုန်သည်ကြီး ဦးစောနိုင်က ငွေကျပ် တစ်သောင်းနှင့် ပန်းထိမ်တောင်ရပ်နေ ဦးကောင်တိုင်း-ဒေါ်နန်းခမ်းလောင်က ငွေကျပ်တစ်သောင်းနှင့် သုတ/ရသစာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(၂၄၇)**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဟိုပင် သြဂုတ် ၂

ကချင်ပြည်နယ် ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် မြသီတာရပ်ကွက်နှင့် မြဇေယျာရပ်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်း၊ တိမ်ကောနေသည့် ရေနုတ်မြောင်းများ ပြန်လည် တူးဖော်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဇူလိုင် ၂၂ ရက်က စုပေါင်းဆောင်ရွက်ခဲ့သည်။

ရေနုတ်မြောင်းတူးဖော်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ **(ပြည်နယ်စည်ပင်)**

ပေဗ္ဗာဝါဒီဟာသာတ (ပရဟိတ)ကျောင်းတိုက်
မဟာသိမ်တော်ကြီးနှင့် (၉)ထပ်ကျောင်းတိုက်

(ကားပါကင်နှင့် မီးဓာတ်လှေကားပါ)



ယခုအချိန်အထိ အောက်လေးထပ်ကို RC လောင်းပြီးဖြစ်ပါသည်။

(၁)	ကျောက်ဆောင် ၁ ပေ x ၁ပေ	- ကျပ် ၁၀,၀၀၀
(၂)	ကျောက်ဆောင် ၅ ပေ x ၁၀ပေ	- ကျပ် ၅၀၀,၀၀၀
(၃)	ကျောက်ဆောင် ၁၀ ပေ x ၁၀ပေ	- ကျပ် ၁,၀၀၀,၀၀၀
(၄)	မီးဓာတ်လှေကား (၉)ထပ် ALP Device ပါ	- ကျပ် ၃၆,၀၀၀,၀၀၀
(၅)		- ကျပ် ၉,၀၀၀,၀၀၀
(၆)	မီးစက် (25 KVA) တစ်လုံး	- ကျပ် ၃,၆၀၀,၀၀၀
(၇)		- ကျပ် ၁,၂၀၀,၀၀၀
(၈)		- ကျပ် ၃၅,၀၀၀
(၉)		- ကျပ် ၁၀၀,၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

FAME

Hepa-B®

အထူးအသည်းအားဆေး

မွေးနေ့မင်္ဂလာနှင့်စိန်ရတုမင်္ဂလာဆုတောင်း

၂၂-၈-၂၀၀၄နေ့တွင်ကျရောက်သော ဖေဖေ ဦးစိန်ဝင်း(၈၁)နှင့် မေမေ ဒေါ်ခင်ညွန့် (၈၀) နှစ်တို့၏မွေးနေ့နှင့် (၆၂)နှစ်မြောက် စိန်ရတုမင်္ဂလာသည် နှစ်ပေါင်းရာကျော်တိုင်အောင် သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ လိုအင်ဆန္ဒအားလုံး ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

သားများ	သမီးများ
*ကိုမျိုးအေး-မတင်တင်မွေး	*မစန်းစန်းယဉ်-ကိုကျော်မြင့်
*ကိုရှိန်ဝင်း-မခင်ချိုဦး	*မရှုမေ-ကိုသက်နောင်
(တက်လမ်းဆောက်လုပ်ရေး)	*မငွေငွေမေ
*ကိုရှိန်လင်း	*မစန်းစန်းမေ-ကိုမောင်နိုင်(မင်္ဂလာဈေး)
	*မခင်ခင်ထွေး-ကိုကျော်မင်းထွန်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင်
ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း
(Diploma in Computer Maintenance)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်း (Diploma in Computer Maintenance)(၁)နှစ်သင်တန်းအတွက် အောက်ဖော်ပြပါ သတ်မှတ် ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်သည်-

(က) သိပ္ပံ(ရူပဗေဒ)ဂုဏ်ထူးဘွဲ့ B.Sc(Phy:)(Hons:)သို့မဟုတ် M.Sc (Physic)၊ သို့မဟုတ် အစိုးရကွန်ပျူတာကောလိပ်များမှ B.C.Sc/ B.C.Tech (ရိုးရိုး)ဘွဲ့ ရရှိသူဖြစ်ရမည်။

(ခ) (၁-၁၀-၂၀၀၄)ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းသင်တန်းသားအဖြစ် အချိန်ပြည့်တက်ရောက်နိုင်ရမည်။

(ဃ) သင်တန်းပြီးဆုံးသောအခါ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ အထက်မြန်မာနိုင်ငံအတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ်တော)နှင့် အောက်မြန်မာနိုင်ငံအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာသင်တန်းဌာနတို့တွင် ၁-၁၀-၂၀၀၄ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၃၀-၈-၂၀၀၄ရက်နေ့မှစတင်၍ မိမိသက်ဆိုင်ရာဒေသရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၇-၉-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အဆိုပါကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သက်ဆိုင်ရာကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်- ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (CME)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Waste Cotton	(20000)-Lb
2.	Painting Materials	(1)-Lot
3.	Co_2 Wire	(1)-Lot
4.	GI Pipe & Accessories	(1)-Lot
5.	Bolt & Nut	(1)-Lot
6.	Foam Rubber	(1)-Lot
7.	Basin & Camode	(1)-Lot
8.	Emery Cloth & Saw Blade	(1)-Lot
9.	Battery 12V.200 & 150 Ah	(24)-Nos
10.	Bearing Spring 11 D	(400)-Nos
11.	Perspex Sheet 8'x4'x5t	(1000)-Sht

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်-၁-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉-၈-၂၀၀၄)ရက်နေ့ မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၁၃။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အသုံးမပြုနိုင်တော့သည့် အောက်ပါ စက်/ယာဉ်/ယန္တရားအဟောင်း(၇၂)စီးကို မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

စဉ်	တင်ဒါအုပ်စုအမှတ်	စက်/ယာဉ်/ယန္တရား အရေအတွက်	စက်/ယာဉ်/ယန္တရားအခြေအနေ ကြည့်ရှုရမည့်ဌာန
၁။	Lot No. 1,2,3,4,5,6	၂၂-စီး	ယန္တရားတပ်ခွဲ(မြောက်)၊မန္တလေးမြို့။
၂။	Lot No. 7,8,9,10,11,12	၁၅-စီး	အလုပ်ရုံ(မြောက်)၊ မန္တလေးမြို့။
၃။	Lot No. 13	၃-စီး	ပခုက္ကူ
၄။	Lot No. 14	၁-စီး	လွိုင်ကော်
၅။	Lot No. 15	၂-စီး	ခန္တီး
၆။	Lot No. 16	၂-စီး	တပ်ခွဲ(တောင်)ရန်ကုန်မြို့
၇။	Lot No. 17,18	၄-စီး	တံတား(၁)၊ သန်လျင်တံတား၊ရန်ကုန်မြို့
၈။	Lot No. 19	၁-စီး	ဘုတ်ပြင်း
၉။	Lot No. 20	၁-စီး	ပုလော
၁၀။	Lot No. 21	၂-စီး	လားရှိုးနှင့်ကွမ်းလုံ(အနောက်ကမ်း)
၁၁။	Lot No. 22,23,24,25,26	၁၂-စီး	ရွှေညောင်
၁၂။	Lot No. 27,28	၄-စီး	မိုင်းဆတ်
၁၃။	Lot No. 29	၂-စီး	မိုင်းတုံ
၁၄။	Lot No. 30	၁-စီး	လဲချား

၂။ ချိပ်ပိတ်တင်ဒါ စည်းကမ်းချက်(၁)စောင်လျှင် ကျပ် ၁၅၀၀/-နှုန်းဖြင့် (၂၃-၈-၂၀၀၄)နေ့မှ (၁၂-၉-၂၀၀၄)နေ့အထိ စက်မှုဦးစီး၊ ယန္တရား(ကြီးကြပ်)ဌာနစိတ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို (၁၃-၉-၂၀၀၄)နေ့ ညနေ (၁၆:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး (၁၄-၉-၂၀၀၄)နေ့ နံနက် (၀၉:၀၀)နာရီတွင် ယန္တရားတပ်ခွဲ(တောင်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ရောင်းချပါမည်။

ရောင်းချရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ရန်ကုန်မြို့။

CAR RENTAL

များရောင်း/ဝယ်/ငှားရမ်း

အမြန်ဆက်သွယ်ပါ။

548831, 09-5010695

PRACTICAL

English Speaking

P.E.S.

U WIN MAW RESEARCH



Grammar & Speaking

Phonetics

Spoken English (Advanced)

Grammar (Advanced)

Reading & Vocabulary

HEADWAY

503984
223428

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) တွင်တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း ဘာသာစကား၊ ပြင်သစ် (ဘာသာပြန်/ စကားပြန်)နှင့် မြန်မာဘာသာစကား (နိုင်ငံခြားကျောင်းသားအတွက်)ညနေသင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသည်။

၂၊ သင်တန်းစတင်ဖွင့်လှစ်မည့်ရက်မှာ (၂၀-၉-၂၀၀၄) ရက်နေ့ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို (၁-၉-၂၀၀၄) ရက်နေ့မှစတင်လက်ခံပါမည်။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁၊ (လိုင်းခွဲ-၁၂၃)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အမျိုးသမီးအဝတ်အထည်အရောင်းမြှင့်တင်ရေး

၁။ နယ်လှည့်အရောင်းမန်နေဂျာ (၂) ဦး
၂။ နယ်လှည့်အရောင်းဝန်ထမ်း (၁၀) ဦး

အမှတ်စဉ် (၁) အတွက် ဘွဲ့ရ သက်ဆိုင်ရာ အရောင်းအတွေ့အကြုံရှိသူ၊ အသက် ၃၅ နှစ်အောက် ဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် (၁၀)တန်းအောင်၊သက်ဆိုင်ရာ အရောင်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ ကြော်ငြာပါသည့်နေ့မှ တပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် လိုအပ်သော အထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုံး - ၂၄၄၄၄၈၊ ၀၉-၅၀ ၁၂၅၃၀၊ ၂၄၄၂၂၅

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် လှိုင်မြင့်မိုရ်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစိုး စီဂျီ-၀၈၇၉၀၆	ဒေါ်ရီရီမိုး [၁၂/ရကန(နိုင်)၀၀၅၄၂၇]	တိုက်-၃၀ အခန်း-၂ လှိုင်မြင့်မိုရ်အိမ်ရာ
၂။	ဒေါ်သင်းကြွေ စီဂျီ-၀၆၆၁၇၀		

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို ဝယ်ယူလိုပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	2/MR/RAIL BUS/(M) 2004-2005	IN SERVICE RAIL BUSES	12-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၆-၉-၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆-၈-၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ၂၀)
ရောဝတီတိုင်း နယ်တရားမရုံး၌
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၂၃

၁။ ဒေါ်သက်သက်ပြုံး
အမှတ်၁၉၊ ၁၁လမ်း၊
(၄)ရပ်ကွက်၊ ညောင်တုန်းမြို့(ခေတ္တ)
ဧရာဝတီတိုင်း။
၂။ ဒေါ်ခင်ဆွေမြင့်
[တရားလို(၃)(၄)(၅)(၆)တို့၏
အခွင့်ရကိုယ်စားလှယ်]
တိုက်(၁၁)၊ အခန်း(၁၆)၊ မြကန်သာ
အိမ်ရာ၊ ကမာရွတ်၊ ရန်ကုန်မြို့။
၃။ ဒေါ်ဝင်းဝင်းသန်း
ခရမ်းမြို့၊ မ–ယ–ကရုံးဝင်း၊
ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးအောင်
အမှတ်–၂၈၊ မြက်တို၊ ပုသိမ်မြို့။
၅။ ဒေါ်မြင့်မြင့်ဦး
အမှတ်(၁)၊ ဇေယျာသီရိလမ်း၊
(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။
၆။ ဒေါ်ခင်ညိုညို
မြို့သစ်ရဲတပ်ဖွဲ့စခန်းဝင်း၊
ကန်ကြီးထောင့်မြို့၊ ဧရာဝတီတိုင်း။

၁။ ဒေါ်ကြည်ပြုံးဝင်း(ခ)မီးမီး
အခန်း(၁၄)၊ တိုက်(၂)
၅၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
၂။ ဒေါ်ခင်အေးနှစ်
အလွှာ(၆)၊ တိုက်(၃၂)
မြရာကုန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၃။ ဒေါ်သွဲ့ဦးမွန်
အခန်း(ဘီ–၅)၊ တိုက်–၃၆၁၊
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
၄။ ဦးကျော်စိုးသန့်
အခန်း(ဘီ–၅)၊ တိုက်–၃၆၁၊
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
၅။ ဒေါ်ညွန့်ညွန့်ဝေ(ခ)မိတူး
(ဟာလဝါလုပ်ငန်း)ဟိုင်းကြီးကျွန်း၊
ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း။
၆။ ဒေါ်ချစ်ရင်
အမှတ်(၄၅)၊သိပ္ပံလမ်း၊မြောင်းမြမြို့နယ်၊
ဧရာဝတီတိုင်း။
(ယခုနေရပ်လိပ်စာမသိသူ)
၇။ ဒေါ်ခင်ဖူး
၇၅လမ်း၊ ၁၁လမ်းထောင့်ဥပုသ်တော်ရပ်၊
၅၂ကွက်၊ မြောက်ပြင်၊ မန္တလေးမြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၈။ ဒေါ်စန်းမြင့်
တိုက်(၅၂)၊ အခန်း–၂(ခ)၊
ကျိုက္ကဆံဘုရားလမ်း၊
ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၉။ ဒေါ်မြင့်မြင့်
ဒေါ်စန်းမြင့်မှ တစ်ဆင့် တိုက်–၅၂၊
အခန်း–၂(ခ)၊ ကျိုက္ကဆံဘုရားလမ်း၊
ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၀။ ဦးဖေဝင်း
ဒေါ်စန်းမြင့်မှ တစ်ဆင့်–တိုက်–၅၂၊
အခန်း–၂(ခ)၊
ကျိုက္ကဆံဘုရားလမ်း၊ ဆ/ကရပ်ကွက်
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၁။ ဦးစိုးဝင်း
ဒေါ်စန်းမြင့်မှ တစ်ဆင့်–တိုက်–၅၂၊
အခန်း–၂(ခ)၊ ကျိုက္ကဆံဘုရားလမ်း၊
ဆ/ကရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၂။ ဦးထွန်းထွန်း
ဒေါ်စန်းမြင့်မှ တစ်ဆင့်–တိုက်–၅၂၊
အခန်း–၂(ခ)၊ ကျိုက္ကဆံဘုရားလမ်း၊
ဆ/ကရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၃။ ဦးသန်းဝင်း
ဒေါ်စန်းမြင့်မှ တစ်ဆင့်–တိုက်–၅၂၊
အခန်း–၂(ခ)၊ ကျိုက္ကဆံဘုရားလမ်း၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၄။ မောင်သက်ပြင်းနှစ်
ဒေါ်ကြည်ပြုံးဝင်း(ခ)မီးမီးမှ တစ်ဆင့်
အခန်း–၁၄၊တိုက်(၂)၊ ၅၁လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၅။ မခင်ခင်အေး
ဒေါ်ကြည်ပြုံးဝင်း(ခ)မီးမီးမှ တစ်ဆင့်
အခန်း–၁၄၊ တိုက်(၂)၊ ၅၁လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)
၁၆။ မတင်တင်သော်
ဒေါ်ကြည်ပြုံးဝင်း(ခ)မီးမီးမှ တစ်ဆင့်
အခန်း–၁၄၊ တိုက်(၂)၊ ၅၁လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိသူ)

တရားလို နှင့် တရားခံ

အထက်ပါအမှုမှတရားပြိုင်(၆)မှ(၁၆)(ယခုနေရပ်လိပ်စာမသိသူများ) အပါအဝင်အားလုံး သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဒေါ်သက်သက်ပြုံးပါ(၆)က ကွယ်လွန်သူ မဟာမေဒင်ဘာသာဝင် ဦးအာလီနှင့် ဒေါ်မြင့်တို့၏ ကျန်ရစ်သောပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာလ၂ရက်(၁၃၆၆ခုနှစ်၊ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ်လ၂ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အုန်းကျော်
တိုင်းတရားသူကြီး၊ ရောဝတီတိုင်းတရားရုံး။

ပထမအကြိမ် ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲ

၁၉၉၁–၁၉၉၄ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ၏ (၁၀)နှစ်ပြည့် အမှတ်တရ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ရန်ရှိပါသဖြင့် ဖော်ပြပါသူငယ်ချင်းများထံ ဆက်သွယ်ကြပါရန်–

၁။ကိုအောင်သိန်း ၀၉၅၀၁၇၁၄၇၊ ၂၂၄၃၅
၂။ကိုကျော်ကျော်ဦး ၀၉၈၀၃၂၆၅၁၊၅၄၀၅၃၈၊
၃။ကိုလှမျိုးထွန်း ၇၂၈၅၀၈၊ ၂၅၄၀၀၂၊
၄။မသူဇာ ၀၉၅၀ ၂၁၈၉၅
၂၀၀၇၄၇၊ Ext:၂၂၃၀
၅။ကိုမျိုးအောင်–မတင်လှဲလှဲအောင်
၀၉၅၀၀၆၃၂၀၊ ၅၄၉၅၀၉။
၆။ကိုအောင်ရဲဦး–မဖြူဖြူခိုင် ၁၇၃၄၀၂၊
၇။ကိုသက်တင်ညွှန့် ၂၂၆၂၂၇၊၅၃၄၅၀၉၊
၈။ကိုကျော်ထင်ခိုင် ၅၈၄၂၀၃၊
၉။ကိုကျော်သူရွှေ ၀၉၅၀၀၁၅၅၁၊
၁၀။ကိုကျော်လင်းဦး ၅၃၄၅၀၉၊

ကျေးဇူးတင်လွှာ

၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း ပဲခူးရွှေဝါထွန်းဟိုတယ်သို့ နိုင်ငံခြားသားခရီးသည်အများဆုံး ပို့ဆောင်ပေးခဲ့သော Myanmar Tourex ခရီးသွားကုမ္ပဏီအား ဟိုတယ်မှ ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ရွှေဝါထွန်းဟိုတယ်
ပဲခူးမြို့။

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ မြို့တော်နေ ပြည်သူများမှ အဆောက်အအုံဆောက်လုပ်ခွင့်၊ ခြံစည်းရိုးကာရံခွင့်၊ အကြီးစားပြင်ဆင်ခွင့် ပိုင်ဆိုင်မှုမမှန်ကန်သေးသောမြေများအား အထူးစီမံချက်ဖြင့် ဆောက်လုပ်ခွင့်များ လျှောက်ထားလာခြင်းတို့နှင့်ပတ်သက်၍ အဆင်ပြေ ချောမွေ့စေရန်အတွက် ဤဌာနအနေဖြင့် အထူးအလေးထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
၂။ ယင်းသို့ဆောင်ရွက်ရာတွင် မြေပိုင်ဆိုင်မှုမှန်ကန်ပြီး လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံပါက (၁၅)ရက်အတွင်း ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
၃။ ထိုကဲ့သို့ လျှောက်ထားဆောင်ရွက်ရာတွင် တစ်ဆင့်ခံ၊ ကြားခံလူ၊ ပွဲစားများဖြင့် ဆက်သွယ်ဆောင်ရွက်စေခြင်းဖြင့် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာမှု၊ ငွေကုန်ကျမှုများသာမက လိမ်လည်မှုများကိုပါ တွေ့ကြုံရပြီး အခက်အခဲများဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့်အတွက် ကိုယ်တိုင်လာရောက် အမှုတွဲဖွင့်လှစ်ခြင်းဖြင့် စိတ်ချမ်းမြေ့စွာနှင့် ဆောလျင်စွာ ခွင့်ပြုချက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း တစ်ပါတည်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဒေါ်သက်ရီ (JACOB)
စတိုးဆိုင်နှင့်အထည်မျိုးစုံအရောင်းဆိုင်ကြီး

အမျိုးသမီးရေးရာဝတ်စုံလက်လီ/လက်ကား ဝန်ကြီးဌာနများအတွက် အထူးဈေးနှုန်း၊ ကျောင်းသူများအတွက် အထူးဈေးနှုန်း၊ တက္ကသိုလ်ကျောင်းသူများအတွက် အထည်ဒီဇိုင်းမျိုးစုံ
သားရေအစစ်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ အထူးဈေးနှုန်း ချိုသာစွာဖြင့်ရောင်းချပေးနေပါသည်။
မဟာဗန္ဓုလလမ်းနှင့် ၂၇ လမ်းထောင့်၊ ဖုန်း–၃၈၀၇၇၀။

ဘာသာစကားသင်တန်းများဖွင့်မည်

International Languages Center မှ ဖွင့်လှစ်မည့် အင်္ဂလိပ်စာ၊ ပြင်သစ်စာ၊ စပိန်စာ(အခြေခံ၊ အဆင့်မြင့်နှင့်သဒ္ဒါ) သင်တန်းများအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
စမည့်နေ့ရက် – ၂–၉–၂၀၀၄(ကြာသပတေးနေ့)
တည်နေရာ – အမှတ်–၂၊ အနောက်ထန်းတပင်လမ်း၊ လှည်းတန်း၊ ကမာရွတ်။
ဖုန်း–၅၀၁၃၂၈။

တိုက်ခန်းငှားလိုသည်

ပုဇွန်တောင်၊ ဗိုလ်တထောင်
မြေညီထပ်၊ ပထပ်။
(ပွဲစားမလို)
၇၀၄၆၇၀၊ ၂၉၃၈၁၁(ရုံးချိန်)။

အမည်ပြောင်းခြင်း

ဦးထွန်းတင်၏သား အထက(၂) စစ်တွေ၊ ဒသမတန်းမှ မောင်စောသန်းထွန်းအား မောင်မင်းသူဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသူ။



အဆုတ်နာအထူးကု

ဦးဘညွန့်–ဒေါ်မြသွယ်
မင်္ဂလာဆေးတိုက်၊ ၄၆၊
သစ်တောလမ်း၊ အလုံ၊
ရန်ကုန်မြို့။

အမြန်ငှားလိုသည်

၁၀' ဒိုင်နာ(သို့) Canter Box ကား(၁)စီးငှားရမ်းသုံးစွဲလိုပါသည်။
(ပွဲစားမလို)
ဖုန်း–၅၀၀၇၈၁၇။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ခ/၈၆၁မှ ဈ/၁၂၆၁ သို့ အက္ခရာပြောင်း မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း[၉/သစန(နိုင်)၁၀၅၁၇၈]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ(၃၀)ရက်အတွင်း ကညနခရိုင်ရုံး(လှိုင်လင်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန
ခရိုင်ရုံး(လှိုင်လင်)၊လှိုင်လင်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃က/၂၇၅၅၊ လလ/၁၇၅၅ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ယနေ့မှစ၍(၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(လှိုင်လင်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(လှိုင်လင်)။**

ချစ်သမီးလေး ဆည်းဆာလှကြည်

(I.L.B.C Pre II)
အတွက်
"မွေးနေ့ဆုတောင်း"

ချစ်သမီးလေး **ဆည်းဆာလှကြည်(ခ)သည်းသည်း** (ခ)**ဂျူမီလာ** ၏ ၂၂.၈.၀၄ နေ့တွင်ကျရောက်သော (၅)နှစ်မြောက်မွေးနေ့မှသည်သက်ဆုံးတိုင်ကျန်းမာပျော်ရွှင်ခြင်း များနှင့်အတူ မိဘမေတ္တာကို သိနားလည်ပြီးလိမ္မာယဉ်ကျေး၍ထူးချွန်ထက်မြက်စွာ ပြီးပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်နိုင်သော သမီးရတနာလေးအဖြစ် အလှာအသျှင်မြတ်သခင် ကောင်းချီးပေးပါစေ။

ပါပါ – **ကိုလှကြည်**
အမာ – **မမိုးသူဇာ**

အမည်ပြောင်းခြင်း

ဦးသန်းလွင်၏သမီး အထက(၆)၊ ရွှေပေါက်ကံမြို့၊ နဝမတန်း(B)မှ မမေသူနွယ်ဦးအား မနှင်းဦးလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းဦးလွင်။

ဖခင်အမည်မှန်

အထက(၁)ပဲခူး၊ နဝမတန်း(ဂ)မှ မောင်မင်းနောင်၏ ဖခင်အမည်မှန်မှာ ဦးတင်စိန်ဖြစ်ပါသည်။

ပြင်ဆင် ဖြည့်စွက်ဖတ်ရှုပါရန်

